
ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-3-2016) (၈၅၀၀)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေကျွတောင်ဆရာတော် ဦးတိလောက



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

“ဟိုတယ်လုပ်ငန်း၊ စွမ်းအင်၊ သတ္တု၊ သံမဏိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေမှုများ၊ အဆင့်မြင့်ဆန်စက်များ တည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး ဆွေးနွေး”

စာမျက်နှာ - ၃

# ၁၁၅ နှစ်ကျော်သက်တမ်းရှိ သမိုင်းဝင်ဂုတ်ထိပ်တံတား

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့အနီးရှိ ဂုတ်ထိပ်တံတား (Goteik Viaduct) သည် ရှေးအကျဆုံး သက်တမ်း ၁၁၅ နှစ်ရှိသော တောင်ကြားဖြတ် မီးရထားလမ်းတံတားဖြစ်သည်။ မန္တလေး-လားရှိုးသွားလမ်း နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာတွင် တည်ရှိပြီး ပြင်ဦးလွင်နှင့် လားရှိုးမြို့နှစ်မြို့ကြား တံတားဖြစ်သည်။

The World Largest Trestle မြင်းခုံတံတားဖြစ်ပြီး Trestle စတီးသံမဏိသံချောင်းများဖြင့် ထောက်ခံတည်ဆောက်ထားသော တံတားဖြစ်သည်။ အင်္ဂလိပ်အင်ဂျင်နီယာဆာအာသာရန်ဒယ်က စတာလင်ပေါင် ၁၁၀၀၀၀ အကုန်အကျခံ၍ သံမဏိတိုင် ၁၆ တိုင်၊ ပေအရှည် ၂၂၆၀ ကို ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် အပြီးသတ်နိုင်ခဲ့ပြီး ၁၉၀၃ ခုနှစ်မှ စတင်အသုံးပြုနိုင်ခဲ့သည်။

ကမ္ဘာပေါ်တွင် အမြင့်မားဆုံးရထားလမ်းဖြစ်လာမည့် ဂုတ်ထိပ်တံတားကို တာဝန်ယူတည်ဆောက်ရန် ဗြိတိသျှအစိုးရက အမေရိကန်နိုင်ငံ ပင်ဆဲလ်ဗေးနီးယားနှင့် မေရီလန်းစတီးကုမ္ပဏီတို့ကိုငှားရမ်းခဲ့သည်။ သို့ရာတွင် တံတားကြီးကို ဦးစီးတည်ဆောက်သူမှာ မြန်မာ့မီးရထားဌာနမှ အင်ဂျင်နီယာ Sir Arthur Rendel နှင့် ဗြိတိသျှ၊ မြန်မာအင်ဂျင်နီယာများသာဖြစ်သည်။ တံတားအတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**




မန္တလေး-လားရှိုးမီးရထားလမ်းပေါ်ရှိ မြန်မာနိုင်ငံ၏ သမိုင်းဝင်အထင်ကရ ဂုတ်ထိပ်တံတားကို တွေ့ရစဉ်။



**ကြေးမုံစာတည်းရှုထောင့်** — ၉-၃-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# ရာသီဥတုပြောင်းလဲမှုကို အလေးထား

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေး အာဆီယံဖိုရမ်ကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် သုံးရက်တာ ကျင်းပလျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆောင်ရွက်ချက်များ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အစီအစဉ်များ၊ တက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်း ရေးဆွဲပြဋ္ဌာန်းရေးကိစ္စများကို ဆွေးနွေးအကြံပြုလျက်ရှိကြသည်။

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အယ်နီညိုကဲ့သို့ ပြင်းထန်သောရာသီဥတုအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရသည်။ လာမည့်ဆယ်စုနှစ်ကာလများအတွင်း အပူချိန်မြင့်တက်မှု၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲမှု၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးမှုများ စသည့် ဆိုးရွားသော ရာသီဥတုဖောက်ပြန်မှုများကို ကြုံကြရတော့မည်ဖြစ်သည်။ လက်ရှိကာလများတွင် ဆောင်ရွက်ဖွယ်ရာများကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအကြံပြုကြကာ ကာကွယ်မှုများပြုနေကြသကဲ့သို့ အနာဂတ်တွင်လည်း ရာသီဥတုပြောင်းလဲခြင်းကိုလျော့ပါးသက်သာစေမည့် အစီအမံများအား ကြံဆဆောင်ရွက်နေကြသည်ကိုတွေ့ရသဖြင့် များစွာအားတက်မိပါသည်။

ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များသည် နိုင်ငံတစ်နိုင်ငံတည်းတွင် ဖြစ်လေ့မရှိဘဲ နိုင်ငံအများစုတွင်ဖြစ်ကြသည့်အတွက် ယခုကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အတွေ့အကြုံများ၊ ဗဟုသုတများ၊ နည်းပညာများမျှဝေပေးရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ဆောင်ရွက်သည့်လုပ်ငန်းများဖြစ်ရာ ရည်ရွယ်ချက်အထူးကောင်းမွန်ပါသည်။

ကြုံတွေ့လာရမည့် ရာသီဥတုပြောင်းလဲခြင်း ရိုက်ခတ်မှုဒဏ်ကို နည်းပညာမြင့်မားသော နိုင်ငံအချင်းချင်း ယခုကဲ့သို့ အမြင်ချင်းဖလှယ်ခြင်း အစီအစဉ်များကို မကြာခဏပြုလုပ်လျက်ရှိကြသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်များ၊ လိုက်လျောညီထွေဖြစ်စေမည့် လုပ်ငန်းစဉ်များကို စီမံချက်များရေးဆွဲထားသည့်အပြင် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ရာသီဥတုပြောင်းလဲမှုကို လွန်ခဲ့သည့် ဆယ်စုနှစ်ခြောက်ခုအတွင်းမှစတင်၍ သိရှိခံစားလာခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သော ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှု၊ မိုးခေါင်ရေရှားမှုများကို နှစ်စဉ်ကြုံတွေ့လာခဲ့သည်။ မှတ်တမ်းအချက်အလက်များအရ မြစ်ဝကျွန်းပေါ်ဒေသတွင် နှစ်နှစ်လျှင် စိုက်ပျိုးမြေ ဟက်တာနှစ်သန်းခန့် ရေကြီးနစ်မြုပ်ခဲ့ကြောင်း၊ ဟက်တာ ၃ ဒသမ ၂၅ သန်းမှာ သီးနှံပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ထို့အပြင် နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်း တိုက်ခတ်မှုတို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး ဆားငန်ရေဝင်ရောက်မှုကြောင့် ရေလုပ်ငန်းများ များစွာ ထိခိုက်နစ်နာခဲ့သည်။ ထို့အပြင် ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် အပူလှိုင်းကျရောက်မှုကြောင့် မွေးမြူရေးလုပ်ငန်းများလည်း ပျက်စီးခဲ့ရသည်။ ယခု အယ်နီညိုကျရောက်ခြင်းကြောင့် လောလောဆယ်တွင် မီးလောင်မှုများ၊ ရေရှားပါးမှုများနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲဖြစ်စဉ်များကြောင့် ကြုံတွေ့ခဲ့ရသော၊ ကြုံတွေ့နေဆဲ အခြေအနေများကို သင်ခန်းစာဖော်ထုတ်၍ အနာဂတ်ကာလတွင် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရန် ယခုကဲ့သို့ အစီအမံများဆောင်ရွက်ခြင်းများအပြင် မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ၂၀၃၀ ကို ရေးဆွဲလျက်ရှိပြီး မကြာမီကာလတွင် အတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။ ရာသီဥတုပြောင်းလဲမှုကို နိုင်ငံအစိုးရများက ဤသို့ အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ပြည်သူပြည်သားများကလည်း အမျိုးသားရေးအသိဖြင့် ပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲခြင်းသည် ကမ္ဘာ့သူ၊ ကမ္ဘာ့သား အားလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စဖြစ်၍ နိုင်ငံအစိုးရများက အလေးထားဦးစားပေးဆောင်ရွက်နေသော အစီအမံများတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ရာသီဥတုကောင်းမွန်ရေးကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။ ။

# MPT လေလံတင်ရောင်းချပွဲမှရရှိခဲ့သည့် သန်း ၃၀၀ နီးပါးအား ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် လှူဒါန်းမည်

**ရန်ကုန် မတ် ၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော MPT ၏ မိုဘိုင်းနံပါတ်အလှများ လေလံတင်ရောင်းချပွဲမှ ရရှိခဲ့သည့် ငွေကျပ် ၂၉၂ ဒသမ ၇ သန်းအား နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ်များ ဝယ်ယူကာ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း မတ် ၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ Sule Shangri-La Hotel ၌ ပြုလုပ်ခဲ့သည့် အခမ်းအနားမှသိရသည်။

MPT-KSGM Joint Operation ၏ CEO MR. Takashi Nagashima က ယခုကဲ့သို့ လှူဒါန်းနိုင်ခြင်းမှာ မြန်မာပြည်သူပြည်သားများ၏ စေတနာသဒ္ဓါတရားနှင့် ဘုန်းတော်ကြီးကျောင်းများ၏ ပူးပေါင်းပါဝင်မှုကြောင့်သာဖြစ်ကြောင်း အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

MPT-KSGM Joint Operation ၏ အမှုဆောင်အရာရှိချုပ် ဦးနိုင်ကိုကိုက "လွန်ခဲ့တဲ့လကလည်း ဆိုလာမီးအိမ်တွေကို မန္တလေး၊ စစ်ကိုင်းနဲ့ မကွေးတိုင်းဒေသကြီးတွေမှာရှိတဲ့ လျှပ်စစ်မီးမရရှိသေးတဲ့ ဘုန်းတော်ကြီးကျောင်းတွေကို ပေးပို့လှူဒါန်းခဲ့ပါတယ်။ MPT အနေနဲ့ ကလေးငယ်တွေရဲ့ ပညာရေးကို တစ်ထောင့်တစ်နေရာကနေ ဖြည့်ဆည်းပေးတာဖြစ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုယ်စား တက်ရောက်လက်ခံရယူခဲ့သည့် ဆရာတော် ဘဒ္ဒန္တကုသလက "ဘုန်းတော်ကြီးကျောင်းတွေဟာ စီးပွားရေး၊ လူမှုရေးအရ အခွင့်အရေးနည်းပါးတဲ့ ကလေးငယ်တွေကို အခမဲ့ပညာရေး ပေးစွမ်းနေတာဖြစ်ပါတယ်။ အဲဒီလို ကျောင်းတွေမှာ အဓိကလိုအပ်နေတဲ့ ဆိုလာမီးအိမ်တွေကို အခုလို လှူဒါန်းတာဖြစ်တဲ့အတွက် ကလေးငယ်တွေ စာသင်ကြားရာမှာ မိုးရွာတဲ့အချိန်သာမက အလင်းရောင်မရှိတဲ့ ညအချိန်တွေမှာလည်း ကောင်းစွာစာကျက်မှတ်နိုင်မှာဖြစ်တဲ့အတွက် သာဓုခေါ်ပါတယ်" ဟု မိန့်ကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် တစ်စုံလျှင် အမေရိကန်ဒေါ်လာ ၁၅၀ တန်ဖိုးရှိ Panasonic ဆိုလာမီးအိမ် ၃၂ လုံး လှူဒါန်းခဲ့ပြီး MPT အနေဖြင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၃၂ ကျောင်းရှိ ကျောင်းသား ကျောင်းသူပေါင်း ၅၈၀၀၀ အတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးအိမ် ၂၀၀၀ ကျော်အား ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီသီမင်း)**



# နွေရာသီ သီးနှံစိုက်ပျိုးမှုတွင် သီးနှံများကို ချိန်ဆစိုက်ပျိုးလာ

**အမရပူရ မတ် ၈**

တိုးပွားလာသော လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်မှုတွင် အဆင့်မြင့်စိုက်ပျိုးနည်းပညာတို့ဖြင့် မြင့်တင်နေကြရသည်။

မိုးစပါးရိတ်သိမ်းပြီး နွေစပါးကို အထွက်တိုးစပါးများ စနစ်တကျ စိုက်ပျိုးနိုင်ရန် ရိုးပြတ်များကို မီးရှို့ခြင်း၊ ထယ်ရေးပြင်ခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။ ယခုအခါ အမရပူရမြို့နယ် ရွှေတောနယ်တစ်ဝိုက်တွင် နွေစပါးစိုက်ပျိုးနိုင်ရန် ဆည်တော်ကြီးရေလှောင်တမံမှ လွှတ်ပေးလျက်ရှိသည်။ တောင်သူများပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းများ ပြုလုပ်လျက်ရှိသည်။



ဆည်တော်ကြီးမှ လွှတ်ပေးသည့် ဆည်ရေသည် ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် အခြားမြို့နယ်များအတွက် မရှိမဖြစ်ရေမြောင်းပင်ဖြစ်သည်။

နွေရာသီ သီးနှံစိုက်ပျိုးမှုတွင် စိုက်ပျိုးသည့်သီးနှံများကို ချိန်ဆစိုက်ပျိုးလာကြသည်။ အမရပူရ အရှေ့တောနယ်တစ်ဝိုက်ကို အမရပူရ ဆန်အိုးဟု တင်စားနိုင်သည်အထိ လယ်စိုက်ကြသော်လည်း နွေသီးနှံကို ရေပေးဝေမှုအပေါ် မူတည်ကာ နှမ်းကြသည့်လယ်များရှိသည်။

နွေရာသီတွင် အပူချိန်မြင့်မားခြင်း၊ လယ်ရေသောက်နှုန်း များခြင်းတို့ကြောင့် ကုန်းကျသောလယ်မြေများနှင့် မြောင်းနှင့်လှမ်းသော လယ်မြေများသည် စိုက်ရေကိုသာအရယူပြီး နှမ်းစိုက်ပျိုးလာကြသည်။ လက်ရှိကာလတွင် နွေစပါးအတွက် ရွှေသွယ်ရင်၊ ရွှေမနော်၊ ပုလဲသွယ်ထွက်တိုးစပါးမျိုးများကို ပျိုးထောင်လျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၈**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၉၅၀၀၀ | - | ၇၉၅၀၀၀ |
| မန္တလေး(ရွှေဈေး) | ၇၉၄၅၀၀ | - | ၇၉၄၅၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၂၃. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၄၇. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇. ၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၅၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၂၃၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၁. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၁. ၆၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၂. ၁၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၆. ၁၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ဂင်ယောင်းဆန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဟိုတယ်လုပ်ငန်း၊ စွမ်းအင်၊ သတ္တု၊ သံမဏိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေမှုများ၊ အဆင့်မြင့်ဆန်စက်များ တည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီစည်းဝေး

**နေပြည်တော် မတ် ၈**

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ (၁/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၌ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System-PR System)ကို နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားများ၏ အကျိုးနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွား မထိခိုက်စေရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြိုကွဲပျက်စီးမှု မရှိစေရေးစသည့် အချက်နှစ်ချက်အပေါ် အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ လျှောက်ထားသူများအား နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့်စိစစ်၍ ပထမအကြိမ်အဖြစ် ၁၂၉ ဦး၊ ဒုတိယအကြိမ်အဖြစ် ၄၄ ဦးတို့အား နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးပြီးဖြစ်ကြောင်း၊ တတိယအကြိမ်အဖြစ် ၅၁ ဦးအား အတည်ပြုချက်ရရှိပြီးဖြစ်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြသည့် ၄၀ အား မိမိတို့ဗဟိုကော်မတီမှ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်သုံးသပ်အကြံပြုကြရန်ဖြစ်ကြောင်း၊ ယင်းသုံးသပ်စိစစ်ချက်များအရ လျှောက်ထားသူများကို လူတွေ့မေးမြန်းအကဲဖြတ်၍ ခွင့်ပြုရန် သင့်/မသင့် အတည်ပြုပြီးပါက ဆက်လက်တင်ပြ ခွင့်ပြုချက်ရယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များအနေဖြင့် ယခုထပ်မံလျှောက်ထားသူ ၄၀ အား သတ်မှတ်ချက်များနှင့်အညီ စိစစ်သုံးသပ်အတည်ပြုပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်ခံက နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်လွှာများ လက်ခံဆောင်ရွက်မှု၊ လျှောက်ထားသူများအား လုပ်ငန်းကော်မတီက စိစစ်အတည်ပြုတင်ပြမှု၊ ငြင်းပယ်သူများအတွက် ငြင်းပယ်ရခြင်းအကြောင်းရင်း၊ ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များက သုံးသပ်အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

# သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

**နေပြည်တော် မတ် ၈**

မတ် ၂၃ ရက်(၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်) နေ့တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၁) အဆောင်(၄၇)ကြီးကြပ်ရေးရုံးခန်း၌ ဦးစီးအရာရှိ ဒေါ်တင်မာချို ဖုန်း-၀၉-၄၃၀၃၀၄၂၅ ထံတွင် မတ် ၂၀ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိပါသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ စိတ္တရမဟီအိမ်ရာစီမံကိန်းနှင့် မြရည်နန္ဒာအပိုင်း(၂) တန်ဖိုးမျှအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ် ၅ ရက် ညနေပိုင်းက တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မှ မန္တလေးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် (၂၆×၂၇) လမ်း (၇၃×၇၄)လမ်းရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် စိတ္တရမဟီအိမ်ရာစီမံကိန်းအား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် မြရည်နန္ဒာအပိုင်း(၂) တန်ဖိုးမျှအိမ်ရာစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အဆောက်အအုံအထူးအဖွဲ့(၆) ဒုတိယညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မြရည်နန္ဒာအပိုင်း(၂) တန်ဖိုးမျှအိမ်ရာစီမံကိန်းတွင် အဆောက်အအုံများ တောင့်တင်းခိုင်မာပြီး ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေး ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ Foundation လုပ်ငန်းမှအစ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီဖြစ်ရန်နှင့် သဘာဝဘေးဒဏ်၊ ငလျင်ဒဏ်များခံနိုင်သည့် အဆောက်အအုံများဖြစ်ရန်လိုအပ်ပြီး အဆောက်အအုံတည်ဆောက်ရေးတွင် အသုံးပြုမည့် (ဘိလပ်မြေ၊ သံချောင်း၊ ကျောက်၊ သဲ၊ ရေ)စသည့် လုပ်ငန်းသုံးပစ္စည်းများအားစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**✻ ကနီမြို့နယ်မှ**

လမ်းညွှန်မှုဖြင့် အခုလို ရေဝါချောင်းကူးတံတားကြီးကို စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခု တံတားတည်ဆောက်ရေးလုပ်ငန်းတွေ ပြီးစီးပြီဖြစ်လို့ လာမည့် မတ် ၁၃ ရက်မှာ စတင်ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒီတံတားကြီးကနေ မုံရွာ- ကနီ - မင်းကင်း - တောင်တွင်းချောင် ဒေသတွေအထိ ရာသီမရွေး ကူးလူးဆက်သွယ်သွားလာနိုင်တော့မှာဖြစ်တဲ့အတွက် ဒေသခံများ လူမှုစီးပွားဘဝတွေ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အဆိုပါ ရေဝါချောင်းကူးတံတားအား ၂၀၁၅ခုနှစ် ဇူလိုင် ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး တံတားအမျိုးအစား အုတ်မြစ် Bored Pile စနစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ရေလယ်တိုင်နှင့် အပေါ်ထည် ဘေလီတစ်လွှာ တစ်ထပ် + နှစ်လွှာတစ်ထပ်၊ Steel Decking ကြမ်းခင်းအမျိုးအစားဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ပြီး တံတားအကျယ် ၁၄ ပေ ၃ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၄ လက်မ ဖြစ်ကာ တံတားအရှည် ပေ ၁၄၄၀ ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

**○ မြန်မာ့လက်ရွေးစင်အသင်းမှ**

အောင်ဇော် (ဟံသာဝတီ)၊ ဇော်မင်းထွန်း၊ သီဟထက်အောင်၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ အလယ်တန်း ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ သက်နိုင်(ရတနာပုံ)၊ နိုင်နိုင်ကျော်(မကွေး)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရှေ့တန်း- အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)နှင့် ဆောင်လမန် (ချင်းယူနိုက်တက်) တို့ပါဝင်ကြသည်။ **[သတင်းနှင့်ဓာတ်ပုံ- ရှိုင်းထက်ဇော်]**

# မလေးရှားလေယာဉ်ပျောက်ဆုံးမှု ဆက်လက်ရှာဖွေရန် ကျန်ရစ်သူမိသားစုဝင်များ တောင်းဆို



**ပေကျင်း မတ် ၈**

လွန်ခဲ့သည့်နှစ်နှစ်က ပျောက်ဆုံးသွားသော မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပေါ်ပါသွားသည့် ခရီးသည်များ၏ မိသားစုဝင်များက တရုတ်နိုင်ငံတွင် စုဝေး၍ လေယာဉ်ကို ဆက်လက်ရှာဖွေရန် တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

မလေးရှားလေကြောင်းလိုင်းမှ ခရီးစဉ်အမှတ် - ၃၇၀ သည် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအပါအဝင် လူပေါင်း ၂၃၉ ဦးကို တင်ဆောင်၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်မှ တရုတ်နိုင်ငံ ပေကျင်းမြို့တော်သို့ ပျံသန်းသွားစဉ် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ခရီးသည်များအနက် လူပေါင်း ၁၅၀ ကျော်သည် တရုတ်နိုင်ငံသားများဖြစ်ကြသည်။

မတ် ၈ ရက် (အင်္ဂါနေ့)သည် မလေးရှားလေယာဉ်ပျောက်ဆုံးမှု နှစ်နှစ်တင်းတင်းပြည့်သည့် နှစ်ပတ်လည်နေ့ဖြစ်ပြီး ပျောက်ဆုံးသွားသည့် ခရီးသည်များ၏ မိသားစုဝင်များနှင့် ဆွေးမျိုးများပါဝင်သော လူ ၃၀ ကျော်ခန့်သည် တရုတ်နိုင်ငံရှိဘုရားကျောင်းတစ်ခုတွင် စုဝေး၍ တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။ ၎င်းတို့က စူးစမ်းရှာဖွေမှုအသစ်များဆက်လက်လုပ်ဆောင်ရန် သံပြိုင်ဟစ်ကြွေးတောင်းဆိုခဲ့ကြသည်။ လက်ရှိရှာဖွေရေးလုပ်ငန်းများသည် ဇွန်လတွင် အဆုံးသတ်သွားဖွယ်ရှိနေသည်။

စုဝေးနေသူများအနက် အချို့က တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ဖက်ကာ ငိုကြွေးနေကြသည်။ အချို့က ဝတ်ပြုဆုတောင်းပြီး "ပြန်လာခဲ့ကြပါ" ဟု အော်ဟစ်နေကြသည်။ လေယာဉ်နှင့်အတူ သမီးတစ်ယောက် ပျောက်ဆုံးသွားရရှာသူ အသက် (၆၅) နှစ်အရွယ် အဘိုးအိုတစ်ဦးက လွန်ခဲ့သည့်နှစ်နှစ်အတွင်း လေယာဉ်ပျောက်ရှာဖွေမှု အခြေအနေများနှင့်ပတ်သက်၍ မည်သူကမျှ သူ့ကို ပြောပြခြင်းမရှိကြောင်းနှင့် သူ့မိသားစုမှာလည်း ဘာလုပ်ရမှန်း မသိဖြစ်နေကြောင်း ပြောကြားသည်။ မလေးရှားအစိုးရက တာဝန်ယူသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**(အင်န်အိတ်ချ်ကေ)**

# အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှု ဆော်ဒီအာရေဗျနှင့်အစ္စလာမ်နိုင်ငံများ စတင်ပြုလုပ်

**ရီယာဒ် မတ် ၈**

အခြားနိုင်ငံ ၁၉ နိုင်ငံနှင့် ပြုလုပ်လျက်ရှိသော စံချိန်တင်အကြီးမားဆုံးသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဆော်ဒီအာရေဗျနိုင်ငံက မီဒီယာများသို့ ထုတ်ဖော်ပြသလိုက်သည်။

အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒတန်ပြန်တိုက်ဖျက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ဆောင်ရွက်ရန်အတွက် အဆင်သင့်ဖြစ်နေမှုကိုပြသရန် ဆော်ဒီအာရေဗျက ကြိုးပမ်းလျက်ရှိကြောင်း ဆန်းစစ်သူများက ပြောကြားသည်။ အစ္စလာမ်နိုင်ငံစုစုပေါင်း ၂၀ မှ တပ်ဖွဲ့ဝင် ၁၅၀၀၀၀ ခန့်မှာ ပြီးခဲ့သည့်လကတည်းက နိုင်ငံမြောက်ပိုင်းရှိ King Khalid စစ်ဘက်ဆိုင်ရာမြို့တော်၌ ပြုလုပ်လျက်ရှိသော စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်လေ့ကျင့်လျက်ရှိသည်။ ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနက မတ် ၇ ရက်တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရာနေရာသို့ မီဒီယာများ ဝင်ရောက်ခွင့်ရရှိရန် ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံအသီးသီးမှ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ စစ်ဘက်လေယာဉ်များနှင့် တင့်ကားများက ညှိနှိုင်းဆောင်ရွက်သော စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးစစ်ရေးလေ့ကျင့်မှုများမှာ ဆော်ဒီအစိုးရအား ရန်သူအဖြစ်ယူဆနေကြသည့် အိုင်အက်စ် စစ်သွေးကြွများနှင့် အခြားအဖွဲ့အစည်းများအား ချေမှုန်းသုတ်သင်ရန်ရည်ရွယ်သည်။ စစ်ရေးလေ့ကျင့်မှုများအတွင်း အဓိကကျသောအခန်းကဏ္ဍမှ ဆောင်ရွက်ခြင်းအားဖြင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး အလေးပေးလုပ်ဆောင်မည့် ၎င်း၏ ကတိကဝတ်ကို ဆော်ဒီအာရေဗျက ထပ်လောင်း အတည်ပြုလျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**



# ဆိုမာလီယာတွင် အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၅၀ ခန့်သေဆုံး

**မိုဂါဒစ်ရှူး မတ် ၈**

ဆိုမာလီယာနိုင်ငံရှိ အယ်လ်ရှာဘတ်အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့၏ လေ့ကျင့်ရေးတပ်စခန်းတစ်ခုကို အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း စစ်သွေးကြွ ၁၅၀ ခန့် သေဆုံးခဲ့သည်။

မိုဂါဒစ်ရှူးမြို့တော်၏ မြောက်ဘက် မိုင် ၂၀၀ ခန့်အကွာရှိ အဆိုပါစစ်သွေးကြွတပ်စခန်းကို စနေနေ့တွင် အမေရိကန်နိုင်ငံက တိုက်လေယာဉ်များ၊ ဒရုန်းလေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ပြောကြားသည်။ ဆိုမာလီအခြေစိုက် အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့သည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

အယ်လ်ရှာဘတ်အဖွဲ့သည် ဆိုမာလီယာနိုင်ငံနှင့် အိမ်နီးချင်း ကင်ညာနိုင်ငံရှိ အစိုးရရုံးများ၊ စီးပွားရေးဆိုင်ရာအဆောက်အအုံများကို မကြာခဏ အကြမ်းဖက်တိုက်ခိုက်လေ့ရှိသည်။ အမေရိကန်အထူးတပ်ဖွဲ့များနှင့် အာဖရိကသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ ပူးပေါင်း၍ အဆိုပါစစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အဆိုပါစစ်စခန်းကို သီတင်းပတ်အတော်ကြာ လေ့လာစောင့်ကြည့်ခဲ့ပြီး စစ်သွေးကြွများသည် အကြီးစားတိုက်ခိုက်မှု များပြုလုပ်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျက်ဖ်ဒေးဗစ်က ပြောကြားသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှု၏ အောင်မြင်မှုသည် အယ်လ်ရှာဘတ်အဖွဲ့ကို သိသိသာသာ အားနည်းသွားဖွယ်ရှိသည်ဟု အမေရိကန်ကာကွယ်ရေးဌာနက ယုံကြည်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

**ဆိုးလ် မတ် ၈**

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများအနက် အကြီးအကျယ်ဆုံး စစ်ရေးလေ့ကျင့်ပွဲကို မတ် ၇ ရက်မှစ၍ ပြုလုပ်လျက်ရှိကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား စမ်းသပ်မှုနှင့် တာဝေးပစ်ဒုံးကျည်ပစ်ခတ်မှုတို့ မကြာမီက ပေါ်ပေါက်ခဲ့ပြီးနောက် ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

သန္နိဋ္ဌာန်နှင့် လင်းယုန်ပေါက်စ ဟူ၍ အမည်ဝှက်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လာမည့်လကုန်သည်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ သန္နိဋ္ဌာန်အမည်ရှိ စစ်ရေးလေ့ကျင့်မှု အစီအစဉ်အရ ကွန်ပျူတာသင်္ချာန်တူ ပြုလုပ်ချက်များဖြင့် စစ်ရေးလေ့ကျင့်မည်ဖြစ်ပြီး မတ် ၁၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ လင်းယုန်ပေါက်စ အမည်ရှိ စစ်ရေးလေ့ကျင့်မှု အစီအစဉ်ကို ဧပြီ ၃၀ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# လစ်ဗျားနယ်စပ်အနီး တူနီးရှားစခန်းများကို စစ်သွေးကြွများတိုက်ခိုက်၊ ၅၃ ဦးထက်မနည်းသေဆုံး

**တူးနစ် မတ် ၈**

လစ်ဗျားနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်အနီး တူနီးရှားနိုင်ငံ ကစ်ဂူနာဒန်မြို့ရှိ တူနီးရှားစစ်ဘက်နှင့် ရဲတပ်ဖွဲ့ကင်းစခန်းများကို မတ် ၇ ရက် နံနက်ပိုင်းက ဒါ့ဇ်နှင့်ချိသော အစ္စလာမ္မစ်စစ်သွေးကြွများက စီးနင်းတိုက်ခိုက်ခဲ့ရာအရပ်သားများအပါအဝင် လူ ၅၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အစိုးရတာဝန်ရှိသူများနှင့် ဒေသခံများက ပြောကြားသည်။


တူနီးရှားဒေသဆိုင်ရာ ရုပ်သံသတင်းဌာနများက ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရုပ်သံထုတ်လွှင့်မှုများ ပြုလုပ်ခဲ့သည်။ တူနီးရှားအစိုးရတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များသည် ခေါင်မိုးများပေါ် နေရာယူကာ စစ်သွေးကြွများကို ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ မြို့လယ်မှ သေနတ်ပစ်ခတ်သံများ ပေါ်ထွက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်မှုများအတွင်း သေဆုံးသွားသည့် စစ်သွေးကြွအဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို တူနီးရှားစစ်တန်းလျားများအနီးရှိလမ်းများပေါ်တွင် တွေ့ရသည်။

တူနီးရှားအာဏာပိုင်များက နိုင်ငံရပ်ခြားခရီးသွားများနှင့် တူနီးရှားပြည်တွင်း ခရီးသွားများအတွက် ထင်ရှားကျော်ကြားသော ခရီးသွားအရပ်ဒေသ ဖြစ်သည့် တန်ဂူရာဒန်မြို့တွင် ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့သည်။

ယင်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် လစ်ဗျားနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဖြတ်ကျော်ရေး စခန်းနှစ်ခုကို ပိတ်ထားခဲ့သည်။

**ဆင်ဟွာ။**



# အင်ဒိုနီးရှား ဆုမတြားကျွန်း၌ တောမီးလောင် အရေးပေါ်အခြေအနေထုတ်ပြန်ထား

**ဂျကာတာ မတ် ၈**

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်း၌ တောမီးလောင်ကျွမ်းနေသည့် နေရာဒေသတွင် ရီအောပြည်နယ် အာဏာပိုင်များက အရေးပေါ် အခြေအနေ ထုတ်ပြန်ကြေညာထားကြောင်း အစိုးရတာဝန်ရှိသူ တစ်ဦးက မတ် ၈ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ရီအောပြည်နယ်၌ ၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော မီးခိုးမြူလွှမ်းခြုံမှုမျိုးထပ်မံပေါ်ပေါက်ရခြင်းမှ ရှောင်လွှဲနိုင်ရန်ပြည်နယ်အုပ်ချုပ်ရေးမှူးက အရေးပေါ်အခြေအနေထုတ်ပြန်ကာ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒရက်စမန်းက ပြောကြားသည်။

တောမီးလောင်မှုကြောင့် ရီအောပြည်နယ်အတွင်း ပြည်သူတို့၏ နိစ္စဓူဝလုပ်ငန်းများကို ထိခိုက်မှုမရှိကြောင်း၊ စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ၅၀၀ ခန့်ကို ဖြန့်ကြက်ထားပြီး မီးသတ်ရဟတ်ယာဉ်တစ်စင်းကို စေလွှတ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

စိုက်ပျိုးရေးကုမ္ပဏီများနှင့် တောင်သူများက တောင်ယာခုတ်ထွင် ရှင်းလင်းရန် မီးရှို့ရာမှ တောမီးလောင်မှုဖြစ်ပွားရလေ့ရှိသည်။ လွန်ခဲ့သည့်နှစ်က အယ်နီညိုရာသီဥတုပုံစံကြောင့် ပူပြင်းခြောက်သွေ့သော ရာသီကာလရှည်ဖြစ်ပေါ်ခဲ့ကာ တောမီးဘေးအန္တရာယ်ကျရောက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံရှိပြည်နယ်အချို့တွင် လွန်ခဲ့သည့်နှစ်က တောမီးလောင်ကျွမ်းမှု ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီး အရှေ့တောင်အာရှဒေသတစ်ဝန်းတွင် မီးခိုးမြူလွှမ်းခြုံသည့် ပြဿနာဖြစ်ပေါ်ခဲ့ရသည်။

**ရိုက်တာ။**

# မြန်မာအမျိုးသမီးများ ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် တန်းတူညီမျှပါဝင်ဆောင်ရွက်

**နေပြည်တော်  မတ်  ၈**

**“ကျား၊ မ တန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း”**ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။**(အောက်ပုံ)**



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကိုယ်စား အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအနေဖြင့် လည်းကောင်း၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ




အဖွဲ့ဝင်နိုင်ငံအနေဖြင့် လည်းကောင်း၊ အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် အဖွဲ့ဝင်နိုင်ငံအနေဖြင့်လည်းကောင်း၊ မြန်မာအမျိုးသမီးထုကြီးအားလုံး၏ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း စသည့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်ပအဖွဲ့အစည်းများ၊ ကျား၊ မ ရေးရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ အားလုံးနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၁၀)နှစ်စီမံကိန်း (၂၀၁၃-၂၀၂၂) (National Strategic Plan for Advancement of Women-NSPAW) ကို မိတ်ဆက်ရှင်းလင်းရေးဆွဲခဲ့ပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကဏ္ဍကြီး (၁၂)ရပ်ကို မဟာဗျူဟာ(၄)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ် ဒီဇင်ဘာအတွင်း ထုတ်ဝေဖြန့်ချိခဲ့သည့် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (Myanmar National Strategic Plan on Social Protection)တွင်လည်း အမျိုးသမီးများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်အတွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် Gender Equality Network တို့ ပူးပေါင်း၍ “တိတ်ဆိတ်ခြင်း၏နောက်ကွယ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်းသုတေသနအစီရင်ခံစာ” (Behind the Silence: Violence against Women and their Resilence in Myanmar)နှင့် ကျား၊ မ လူမှုရေးရာ အလေ့အထများနှင့် ယဉ်ကျေးမှုစံနှုန်းများ၊ သတ်မှတ်ချက်များကို လေ့လာသည့် “ရှုန်းမထွက်သာ အစဉ်အလာ သုတေသနစာတမ်း” “Raising the Curtain: Social Norms, Cultural Practices and Gender Equality in Myanmar” တို့ကို မိတ်ဆက်ဖြန့်ချိပြီးဖြစ်ပါကြောင်း။

ဆက်လက်ပြီး UN Gender Them Group နှင့် ပူးပေါင်း၍ “မြန်မာနိုင်ငံရှိ ကျား၊မ ရေးရာအခြေအနေ လေ့လာဆန်းစစ်မှုစစ်တမ်း” “Gender Situation Analysis”ကို အတည်ပြုမိတ်ဆက်ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်ဖြစ်သည့် “ကျား၊ မ တန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း” “Planet 50-50 by 2030:Step it Up for Gender Equality” နှင့်အညီ မြန်မာအမျိုးသမီးများသည် ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ကျရာတာဝန်များကို တန်းတူညီမျှပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂအမျိုးသမီးရေးရာအဖွဲ့မှ ဌာနေကိုယ်စားလှယ် ဒေါက်တာ ဂျင်းဒီခွန်ဟ က ဖတ်ကြားသည်။ **(ယာပုံ)**

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သည် ၁၉၀၈ ခုနှစ်က အမေရိကန်နိုင်ငံ နယူးယောက်မြို့ အထည်ချုပ်စက်ရုံရှိ အမျိုးသမီးများ၏ တောင်းဆိုမှုများမှ အစပြုခဲ့သည်။

၁၉၁၀ ခုနှစ် ကိုဖီဟောဂင်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာလုပ်ငန်းခွင်မှ အမျိုးသမီးများ ဒုတိယအကြိမ်ညီလာခံတွင် ဂျာမနီနိုင်ငံ အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သည့် ကလဲရာဇက်ခင်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို တစ်ကမ္ဘာလုံး၌ တစ်ရက်တည်းတွင် သတ်မှတ်ကျင်းပရန် တောင်းဆိုခဲ့သည်။

ပထမဆုံးအပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ၁၉၁၁ ခုနှစ် မတ် ၁၉ ရက်တွင် ကျင်းပခဲ့ပြီး ၁၉၇၅ ခုနှစ်မှစတင်၍ မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ၏ တိုးတက်မှုများကို အသိအမှတ်ပြုရေး၊ စီးပွားရေးအခွင့်အလမ်း၊ လစာတန်းတူရရှိခြင်းအပါအဝင် နိုင်ငံရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် အမျိုးသမီးများနှင့်အမျိုးသားများ တန်းတူရည်တူ အောင်မြင်မှုများရရှိရေးနှင့် အမျိုးသမီးများအားလုံးကို ကူညီရာတွင် အာရုံစိုက်ရေးတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**



# ဆောက်လုပ်ပြီးဝန်ထမ်းအိမ်ရာများသို့ ဝန်ထမ်းများပြောင်းရွှေ့နေထိုင်လျက်ရှိ

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ထပ်မံပြောင်းရွှေ့ရောက်ရှိလာသော ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၂၀၀၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ အဆောက်အအုံဦးစီးဌာနက နှစ်ထပ်လူပျိုဆောင်ငါးလုံး အခန်းပေါင်း ၂၄၀၊ နှစ်ထပ်အပျိုဆောင် ၁၀ လုံး အခန်းပေါင်း ၄၈၀ နှင့် အမှုထမ်း အိမ်ထောင်သည်များအတွက် အမှုထမ်းအိမ်ရာ ၂၁ လုံး အခန်းပေါင်း ၅၀၄ ခန်း စုစုပေါင်း အဆောက်အအုံ ၃၆ လုံး ဆောက်လုပ်ပြီး အခန်းစုစုပေါင်း ၁၂၂၄ ခန်းကို တည်ဆောက်ခဲ့သည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများသို့ ဝန်ထမ်းများ နေရာချထားပေးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဦးမြင့်ဆွေ၊ ဦးကံချွန်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး အဆောင်နေဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ **(ယာပုံ)**



၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ခဲ့သည့် နှစ်ထပ်လူပျိုဆောင်ငါးလုံး၊ နှစ်ထပ် အပျိုဆောင် ၁၀ လုံးတို့တွင် ပြည်ထောင်စုဝန်ကြီးဌာန ၃၇ ခုမှ ဝန်ထမ်းလူပျို ၄၈၀၊ ဝန်ထမ်းအပျို ၉၆၀ တို့အား ၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် လည်းကောင်း၊ အမှုထမ်းအိမ်ထောင်သည် အိမ်ရာ ၂၁ လုံးအနက်မှ အဆောက်အအုံ ၁၀ လုံးတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ အမှုထမ်းအိမ်ထောင်သည် ၂၄၀ တို့အား ဖေဖော်ဝါရီ ၂၂ ရက်တွင် လည်းကောင်း၊ ကျန်ရှိသည့် အမှုထမ်းအိမ်ထောင်သည် အိမ်ရာ ၁၁ လုံးတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ အမှုထမ်းအိမ်ထောင်သည် ၂၆၄ ဦးတို့အား ယနေ့နံနက်ပိုင်းတွင်လည်းကောင်း အသီးသီးနေရာ ချထားပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သည့် ဝန်ထမ်းအိမ်ရာများတွင် လူပျို၊ အပျို ဝန်ထမ်း ၁၄၄၀၊ အမှုထမ်းအိမ်ထောင်သည် ၅၀၄ ဦး စုစုပေါင်း ၁၉၄၄ ဦးတို့ကို နေရာချထားပေးနိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မမနဲ့သွားရတာ အဆင်ပြေပါသည်

မင်းကျော်ဝင်း

ကျွန်တော်က ရထားစီးရတာကို တော်တော်ကြိုက်ပါတယ်။ ငယ်ငယ်က တောင်ကြီးမြို့မှာနေတော့ ရန်ကုန်ကိုလာရင် ရထားအမြဲတမ်းစီးခဲ့ရပါတယ်။ ရွှေညောင်ရထားကို အထက်တန်းအိပ်စင်ကနေ တစ်ညအိပ်စီးရတာဟာ အင်မတန်မှ အရသာရှိပါတယ်။ ရထားပေါ်မှာ စားသောက်ရတာတွေ၊ လမ်းခရီးက စိမ်းလန်းစိုပြည်တဲ့ တောတောင်ရှုခင်းတွေ၊ လယ်ကွင်းတွေကို ကြည့်ရှုခံစားရတာတွေ၊ သန့်ရှင်းတဲ့ လေကောင်းလေသန့်ကို ရှူရှိုက်ရတာတွေဟာ တကယ့်ကိုအရသာတွေပဲပေါ့။ အဲဒါကြောင့်လည်း ရထားစီးရတာကို ဝါသနာပါလာတာပါ။

ကျောင်းသားဘဝတွေတုန်းကလည်း ကိုရီးယားနိုင်ငံက တင်သွင်းတဲ့ လိမ္မော်ရောင်မီးရထားတွဲသစ်ကြီးတွေကို ကြိုက်လွန်းလို့ ရန်ကုန်၊ မန္တလေးခရီးစဉ်ကို အကြိမ်ပေါင်းများစွာ စီးခဲ့ဖူးပါတယ်။ တစ်လောကတော့ ထားဝယ်၊ မောင်းမကန်ကမ်းခြေကိုသွားချင်လို့ ရန်ကုန်ကနေ ထားဝယ်အထိ ၂၆ နာရီကြာ ရထားစီးခဲ့ပါသေးတယ်။ အခုတစ်လောမှာ ခေတ်စားနေတဲ့ ရှမ်းပြည်မြောက်ပိုင်းက ဂုတ်ထိပ်တံတားကိုသွားကြည့်ချင်စိတ်ဖြစ်လာတဲ့အတွက် ရထားနဲ့သွားဖို့ စီစဉ်ခဲ့ပါတယ်။

ဂုတ်ထိပ်တံတားကို သွားကြည့်မယ်ဆိုတော့ ရန်ကုန်ကနေ မန္တလေးကို အရင်သွားရမှာဖြစ်တဲ့အတွက် ရန်ကုန်-မန္တလေး အမြန်ရထားလက်မှတ်ကို သွားဝယ်ပါတယ်။ အခုမှ နိုင်ငံခြားကနေ တင်သွင်းထားတဲ့ လေအိတ်ရထားကို စီးကြည့်ချင်တာနဲ့ နေ့စဉ် ညနေ ၃ နာရီတိတိမှာ ရန်ကုန်ဘူတာကြီးကနေထွက်တဲ့ အမှတ် ၅ အဆန် ရန်ကုန်-မန္တလေးရထား အထက်တန်းထိုင်ခုံလက်မှတ်ကို သုံးရက်ကြိုပြီး ဝယ်ယူလိုက်ပါတယ်။ ရထားလက်မှတ်ဝယ်ရတာလည်း အတော့်ကို အဆင်ပြေပါတယ်။ တစ်ယောက်ကို ကျပ် ၉၃၀၀ ပဲ ကျပါတယ်။

သွားမယ့်နေ့ မွန်းလွဲ ၂ နာရီကျော်လောက်မှာ ရန်ကုန်ဘူတာကြီးကို ရောက်လာပါတယ်။ သန့်ရှင်းသပ်ရပ်လှတဲ့ ရန်ကုန်ဘူတာကြီး အမှတ် (၁) စင်္ကြံမှာ ကျွန်တော်စီးချင်တဲ့ လေအိတ်ရထားအသစ်ကြီးတွေ့လိုက်ရတော့ တော်တော့်ကို စိတ်ချမ်းသာသွားပါတယ်။ အစိမ်းရောင်တောက်နေတဲ့ လေအိတ်ရထားတွဲအသစ်တွေဟာ အလွန်ကို လှပပြီး မျက်စိကို အေးစေတာပါပဲ။ ရထားတွဲပေါ်တက်ခွင့်ရတဲ့အချိန်မှာ ရထားတွဲစောင့်တွေ ကြိုဆိုပြီး နေရာလိုက်ချပေးပါတယ်။

လေအိတ်ရထားအထက်တန်းထိုင်ခုံတွေက ရှေ့နဲ့နောက် တော်တော်ကျယ်ပါတယ်။ ရထားတွဲတွေ သွင်းစဉ်တုန်းက ရိုးရိုးတန်းတွဲတွေသာပါပြီး အဲဒီရိုးရိုးတန်းတွဲတွေက ထိုင်ခုံတွေကို အထက်တန်းထိုင်ခုံနဲ့အစားထိုးရပါတယ်တဲ့။ ဒါကြောင့် ပြတင်းပေါက်နဲ့ တည့်အောင်ခုံကိုတပ်ရတော့ ခုံတွေက ကျဲသွားခြင်းဖြစ်ပါတယ်။ နှစ်ယောက်တွဲထိုင်ခုံက တစ်လိုင်း၊ တစ်ယောက်ထိုင်ခုံက တစ်လိုင်းဆိုတော့ တွဲတစ်တွဲလုံးမှာမှ ၂၇ တန်းပဲ ပါပါတယ်။ ရိုးရိုးတန်းကတော့ ၆၈ ခုံပါပါတယ်။ တွဲတွေအားလုံးကူးပြီးသွားလို့ရပါတယ်။

အထက်တန်းထိုင်ခုံတွေက စွပ်ထားတဲ့ အစိမ်းရောင်အစွပ်တွေကလည်း အသစ်တွေဖြစ်ပြီး သန့်ရှင်းလှပါတယ်။ ရထားတွဲကြမ်းခင်းတွေကအစ သန့်ရှင်းရေးလုပ်ထားပါတယ်။ အိမ်သာက ဘိုထိုင်တစ်ခန်း၊ ရိုးရိုးထိုင်တစ်ခန်းပါပြီး ဘေစင်လည်း ရှိပါတယ်။ ရေလည်း အလုံအလောက်ရှိပါတယ်။ ပန်ကာတွေလည်း အနေအမြန်ပါပါတယ်။ မျက်နှာကြက်မှာ စပီကာပါပြီး စပီကာကို အတိုးအလျှော့လုပ်လို့ရသလို ပိတ်ထားလို့လည်းရပါတယ်။ အရေးပေါ်ရထားရပ်ချင်ရင် ကြိုးဆွဲလို့ရအောင် လုပ်ထားပါတယ်။ ကြိုးဆွဲတဲ့ခလုတ်ကို မှန်ကာထားတာကြောင့် အဲဒီမှန်ကိုဖွင့်ဖို့ စိန်သွား(ပုဆိန်) လည်း ဘေးမှာထားရှိပေးထားတာကို တွေ့ရပါတယ်။

ညနေ ၃ နာရီမှာ အမှတ်-၅ အဆန်ရထား ဟာ ရန်ကုန်ဘူတာကြီးကနေ စထွက်ပါတယ်။ ရထားစထွက်တဲ့အချိန်မှာပဲ တွဲစောင့်က ရေသန့်ဘူးတစ်ဘူးစီနဲ့ အမှိုက်ထည့်ဖို့ အိတ်လေးတွေကို လိုက်ဝေငှပါတယ်။ အမှိုက်ပုံးရှိတဲ့နေရာကိုလည်း ပြောပြပါတယ်။ လိုအပ်တာရှိရင် ပြောပါလို့လည်း တစ်ယောက်စီကို လိုက်ပြောရှာပါတယ်။ ရထားဟာ လေအိတ်ရထားဖြစ်တာကြောင့် ခုန်ခြင်း၊ ဘေးကို ရမ်းခြင်းတွေမရှိဘဲ ငြိမ်ပါတယ်။ ရေသန့်ဘူးကို ခုံလက်ရန်းပေါ်တင်ထားရင်တောင် ပြုတ်မကျပါဘူး။ ဇိမ်ကျတဲ့အတွက် ကျွန်တော်လည်း အိပ်ပျော်သွားပါတယ်။

နိုးလာတဲ့အခါမှာတော့ ပဲခူးဘူတာကို ရောက်နေပါပြီ။ နာရီကြည့်လိုက်တော့ ၄ နာရီ မိနစ် ၄၀။ ပဲခူးဘူတာမှာ ခရီးသည်အတက်၊အဆင်းများပါတယ်။ ပဲခူးကလူတွေ ရန်ကုန်ကနေ ရထားနဲ့ ပြန်ကြတာများပါတယ်။ ရန်ကုန်မြို့ထဲကနေ ပဲခူးမြို့ထဲကို တန်းရောက်တာပါပဲ။ အချိန်ကလည်း ၁ နာရီနဲ့ မိနစ် ၄၀ ပဲ ကြာတယ်။ ကားနဲ့သွားရရင် ရန်ကုန်မြို့အပြင် (ဇော်ဘွားကြီးကုန်း) အထိ သွားစီးရပြီး ပဲခူးမြို့အပြင်ကိုရောက်၊ အဲဒီကမှတစ်ခါ ပဲခူးမြို့ထဲကို ကားထပ်စီးရတာဆိုတော့ အချိန်လည်း ပိုကုန်၊ ပိုက်ဆံလည်း ပိုကုန်ပြီး လူလည်း ပင်ပန်းပါတယ်။ ရထားစီးရတာက အများကြီး ပိုသက်သာပါတယ်။

ပဲခူးဘူတာက အထွက်မှာတော့ ရထားဝန်ထမ်းတွေက ညစာမှာချင်တဲ့သူတွေကို စာရင်းလိုက်ကောက်ပါတယ်။ ရထားမှာ စားသောက်တွဲမပါတဲ့အတွက် ခရီးသည်တွေ ညစာစားဖို့အဆင်ပြေအောင် စီစဉ်ပေးခြင်းဖြစ်ပါတယ်။ ကြက်သားတစ်မျိုးတည်းနဲ့ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းဖြူနဲ့ ကြက်သားဟင်းတို့မှာလို့ ရပါတယ်။ လူမျိုးမရွေး၊ ဘာသာမရွေး စားလို့ရအောင် စီစဉ်ထားတာပါ။ ကျွန်တော်ကတော့ ထမင်းကြော်တစ်ပွဲမှာလိုက်ပါတယ်။

ရထားဝန်ထမ်းလေးတွေက ဥပဓိရုပ်လေးတွေလည်း အတော်သန့်ကြပါတယ်။ ဝတ်ထားတဲ့ယူနီဖောင်းလေးတွေက သစ်လွင်တောက်ပနေပါတယ်။ စတိုင်ရှူး၊ စတိုင်ဘောင်းဘီနဲ့ အပြာနုရောင်ရှပ်အင်္ကျီကို ဝတ်ထားပြီး ဆံပင်ကိုလည်း သပ်ရပ်စွာဖြီးထားကြပါတယ်။ သူတို့ဟာ လေယာဉ်မောင်လေးတွေလိုပဲ တွန်းလှည်းလေးနဲ့ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံ၊ မုန့်မျိုးစုံကို လျှောက်လမ်းတစ်လျှောက်မှာ လိုက်ရောင်းပေးနေပါတယ်။ အင်မတန်ကိုချိုသာတဲ့ဆက်ဆံရေးနဲ့ ယဉ်ကျေးစွာပြောဆိုကြပါတယ်။

လေအိတ်ရထားကို ငြိမ့်ငြိမ့်လေးစီးရင်းနဲ့ မျက်နှာကြက်စပီကာကနေ သီချင်းသံအေးအေးလေးတွေ နားထောင်ရတာ အတော်ကိုကောင်းပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက စိုင်းထီးဆိုင်သီချင်းတွေကို ပြန်ကြားရတော့ အတိတ်ကို လွမ်းမိသလိုလိုခံစားရပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ရဲ့အနောက်ကခုံက လူတစ်ယောက်ကလည်း သီချင်းတွေကိုခံစားပြီး အပီအပြင်လိုက်ဆိုနေတာ ကြားရပါတယ်။ ဒါနဲ့ အသာလေးလှည့်ပြီး ချောင်းလိုက်တော့ ပခုံးမှာဒေါက်တွေတပ်ထားတဲ့ မြန်မာ့မီးရထားအရာရှိကြီးတစ်ဦးဖြစ်နေတာ တွေ့လိုက်ရပါတယ်။ ရထားဝန်ထမ်းတွေက အဲဒီအရာရှိကြီးကို လာလာပြီး အရိုအသေပေးကြတာကိုလည်း တွေ့ရပါတယ်။

ဒီလိုနဲ့ နေဝင်ခါနီးအချိန်မှာ ပြွန်တန်ဆာဘူတာကို ရောက်သွားပါတယ်။ ရထားတော့မရပ်ပါဘူး။ Slow Down ပဲပေးတာပါ။ ခရီးသည်တွေမှာယူထားတဲ့ အစားအသောက်ဘူးတွေ တင်ပေးတာပါ။ မကြာမီမှာပဲ ကျွန်တော်မှာယူထားတဲ့ ထမင်းကြော်ပူပူနွေးနွေးကို ရရှိပါတယ်။ ရထားဝန်ထမ်းတွေက ထိုင်ခုံက TABLE ကို ကိုယ်တိုင်ဆွဲထုတ်ပေးပြီး ထမင်းကြော်ကိုတည်ခင်းပေးပါတယ်။ ထမင်းကြော်က ကျပ် ၁၈၀၀ ကျသင့်ပြီး ကြက်သားတွေနဲ့ အရသာရှိလှပါတယ်။ များလည်း များပါတယ်။

ညစာစားပြီးလို့ မကြာမီမှာပဲ ခုနက မြန်မာ့မီးရထားက အရာရှိကြီးက ကျွန်တော့်ကို လာနှုတ်ဆက်ပါတယ်။ သူ့နာမည်က ဦးအေးကြူလို့ခေါ်ပါတယ်။ ဆရာဦးအေးကြူကပြောရာမှာ ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ဒီရထားအသစ်ကြီးတွေကစပြီး ခရီးသည်တွေ ကျေနပ်လောက်တဲ့အထိ ဝန်ဆောင်မှုပေးသွားမှာဖြစ်ကြောင်း၊ ရထားဝန်ထမ်းတွေထဲက အတော်ဆုံးဝန်ထမ်းတွေကိုခေါ်ယူပြီး ရထားအသစ်များမှာ ခန့်ထားပေးခြင်းဖြစ်ကြောင်း၊ လိုအပ်ချက်တွေရှိမယ်ဆိုရင် အကြံဉာဏ်များပေးစေလိုကြောင်းပြောကြားပြီး COMMENT ရေးဖို့ FORM လေးတစ်ခုကိုလည်း ထုတ်ပေးပါတယ်။

ဆရာဦးအေးကြူပေးတဲ့ COMMENT FORM ကို ကျွန်တော်သေချာဖြည့်ပေးလိုက်ပါတယ်။ လူတွေအများဆုံးအသုံးပြုနေကြတဲ့ အင်တာနက် WiFi ကို တပ်ပေးစေလိုကြောင်းလည်း မှတ်ချက်တွေပေးလိုက်ပါတယ်။ ကျွန်တော့်ရဲ့ အသက် (၅၀) အထိ မြန်မာပြည်မှာ စီးလာတဲ့ ရထားတွေထဲမှာ အခုလေအိတ်ရထားက အကောင်းဆုံးနဲ့ စိတ်အချမ်းသာဆုံးပဲဗျာလို့ ဆရာဦးအေးကြူကို ပြောပြလိုက်ပါတယ်။

ညဘက်ရာသီဥတုလေးကလည်း အေး၊ လေအိတ်ရထားကလည်း ငြိမ့်ဆိုတော့ အိပ်လို့လည်း အင်မတန်ကောင်းပါတယ်။ ရထားက ဘူတာသိပ်များများမရပ်ပါဘူး။ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည် စတဲ့ ဘူတာကြီးတွေမှာသာရပ်ပြီး မန္တလေးဘူတာကို မနက် ၅ နာရီမထိုးခင်မှာ ရောက်ပါတယ်။ မန္တလေးဘူတာရောက်တော့ လက်ဖက်ရည်ဆိုင်မှာ ခဏနားပါတယ်။ သုံးရက်ကြိုရောင်းတဲ့ အထက်တန်းလက်မှတ်က မနက် ၆ နာရီမှရောင်းမှာဆိုတော့ ခဏစောင့်လိုက်ပါတယ်။

နံနက် ၆ နာရီမှာ အမှတ်-၆ အစုန်ရထား အထက်တန်းလက်မှတ်ကို စရောင်းပါတယ်။ သုံးရက်ကြိုပြီး ဝယ်လို့ရတဲ့အတွက် အဆင်ပြေပါတယ်။ မန္တလေးဘူတာကြီးကနေထွက်ပြီး ပြင်ဦးလွင်ကို ဆက်ပါတယ်။ ပြင်ဦးလွင်မှာ အနားယူပြီးနောက်နေ့မှာ ပြင်ဦးလွင်ကနေ ဂုတ်ထိပ်တံတားကို နေ့ချင်းပြန်သွားရောက်လည်ပတ်ပါတယ်။ နောက်နေ့ မန္တလေးကိုပြန်ဆင်းပြီး ညနေ ၃ နာရီထွက်မယ့် မန္တလေး-ရန်ကုန် အမှတ်-၆ အစုန်ရထားကိုစီးပြီး ရန်ကုန်ကို ပြန်လည်ထွက်ခွာလာခဲ့ပါတယ်။ မြန်မာ့မီးရထားနဲ့ ခရီးသွားရတာအတော်ကိုအဆင်ပြေပါတယ်။ ဒီရထားကို နောက်ထပ်လည်း အကြိမ်ကြိမ်စီးဖြစ်ဦးမှာပါ။ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေလည်း စိတ်ချမ်းမြေ့စွာ စီးနင်းနေကြတာကိုတွေ့ရလို့ ဝမ်းသာမိပါတယ်။ မိဘပြည်သူများလည်း မိသားစု အပျော်ခရီးထွက်လို့ပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စရှိလို့ပဲဖြစ်ဖြစ် မန္တလေးဘက်၊ ပြည်ဘက်ကို သွားမယ်ဆိုရင် လေအိတ်ရထားကြီးကို စိတ်ချမ်းသာစွာ စီးနင်းကြပါလို့ တိုက်တွန်းချင်ပါတယ်။ မြန်မာ့မီးရထားကိုလည်း အခုလိုတိုးတက်မှုတွေအတွက် ဂုဏ်ပြုရင်းနဲ့ မမနဲ့ခရီးသွားရတာ အဆင်ပြေပါတယ်လို့ ပြောပါရစေ။ ။



ဓာတ်ပုံ-စိုးဝင်း(MLA)

## မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့တွင်းဆီဆိုင်များအား စစ်ဆေး၊ ပညာပေးမှုများဆောင်ရွက်

**ဘားအံ မတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရပ်ကွက်များတွင် တရားမဝင်လောင်စာဆီများ သိုလှောင်ရောင်းချခြင်း မရှိစေရေးအတွက် ရှောင်တခင်စစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်က ဘားအံမြို့နယ် ဒု-မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး ဆန်းအောင် ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် မြို့တွင်းမီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်မှုအတွက် မြို့ပေါ်ရပ်ကွက်များအတွင်း လမ်းဘေး၌ ပုလင်း၊ ဘူး၊ ပုံးတင်၍ရောင်းချနေသည့် ဆီဆိုင်ငယ်များအား လိုက်လံစစ်ဆေးခဲ့ပြီး ဆိုင်ရှင်များအား ယခုရက်ပိုင်းအတွင်း အပူချိန်မြင့်မားနေသဖြင့် လောင်စာဆီများ လှယ်ထည့်ရာတွင်လည်းကောင်း၊ ဆီပီပါများအား ဂေါက်တံဖြင့် ဖွင့်ရာတွင်လည်းကောင်း၊ အပူလွန်ကဲမှုကြောင့် တည်ငြိမ်လျှပ်စစ်သဘောအရ မီးစတင်လောင်ကျွမ်းခြင်းများအားလည်းကောင်း၊ သတိလက်လွတ်၊ ခံနိုင်ဝန်ထက်ပိုမို လျှပ်စစ်အသုံးပြုရာမှ ဝါယာရှော့ဖြစ်နိုင်ခြင်းအားလည်းကောင်း စသည့် မီးလောင်မှုဖြစ်ပွားရခြင်းများကို ရှင်းလင်းပြောကြားသည်။

ယခုအခါ ဆီဆိုင်မီးလောင်မှုများ မကြာခဏဖြစ်ပွားနေသည့်အတွက် ဘားအံမြို့နယ်အနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီများအား လမ်းဘေးတွင် ရောင်းချခြင်းများ မရှိစေရန်စစ်ဆေး၍ ပညာပေးဟောပြောခြင်းဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိသည့်ဆိုင်များအား နောင်အလားတူ ထပ်မံစစ်ဆေးတွေ့ရှိပါက ဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်းနှင့် ဥပဒေအရအရေးယူနိုင်မှု၊ ပြစ်မှုပြစ်ဒဏ်များအား ပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



လွှတ်တော်ရေးရာ



## ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E.Mr. Murat Yavuz Ates အား မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ **(အပေါ်ပုံ)** မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H. E. Mr.K.W.N.D Karunaratne အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H. E. Mr. Olivier RICHARD အား ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Olivier RICHARD အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E.Mr.K.W.N.D Karunaratne အား ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း**(အောက်ပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E.Mr. Murat Yavuz Ates အား ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် လွှတ်တော်အခန်းကဏ္ဍမှ တာဝန်ကျေအောင် ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး တက်ရောက်ခဲ့မှုအား အစီရင်ခံတင်ပြခြင်း၊ လွှတ်တော်တွင် တင်သွင်းခဲ့သော အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်အား ကန့်ကွက်စာတင်ပြလာမှုအပေါ် ဆောင်ရွက်ထားမှု အခြေအနေတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပဉ္စမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးသို့ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက လွှတ်တော်သို့ အစီရင်ခံတင်ပြရာတွင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲလက်ကိုင်ပြုပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် လွှတ်တော်အခန်းကဏ္ဍမှ တာဝန်ကျေအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပင်လုံစာချုပ်နှင့် ဆက်နွယ်သည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပြီး ယခုအချိန်တွင် တိုင်းရင်းသားတိုင်း လက်မလွှတ်သင့်သော အခြေအနေ၊ အချိန်အခါကောင်းများဖြစ်၍ ထိုအခွင့်အရေးကောင်းများကို လက်မလွှတ်သင့်ကြောင်း၊ အားလုံးပါဝင်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှပါဝင်၍ ကြိုးစားသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းမှုတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့မှ ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ၁၆ ဦး၊ နိုင်ငံရေးပါတီများမှ ၁၆ ဦး စုစုပေါင်း ၄၈ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့တွင် လွှတ်တော်မှ နှစ်ဦးသာ ပါဝင်သောကြောင့် ပိုမိုအားကောင်းသောလုပ်အားများ ရရှိစေရန် နောက်ပေါ်ပေါက်လာမည့် အစိုးရလက်ထက်တွင် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်သုံးဦးနှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦးကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီတွင် ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း ထည့်သွင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က **တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တင်သွင်းသော အရေးကြီးအဆိုကို စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်အပေါ် ကန့်ကွက်စာတင်ပြလာခြင်း**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးပြောကြားရာတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းခဲ့သည့် **"နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင် ခွင့်ပြုနေမှု၊ ကျူးကျော်များကို အမြွှဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သောဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများ မပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန်စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များက စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်များမှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ ကပစ ၂၀ ၏ တပ်မြေကိစ္စနှင့် ပတ်သက်သော အချက်အလက်များအား ကန့်ကွက်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်မှတ်တမ်းများမှ ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြလာပါကြောင်း။

၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ဂ)၌ "အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲ အဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်" ဟူသော စည်းကမ်းချက်နှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်သည် ကိုက်ညီမှုမရှိသည့်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များတင်ပြလာသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ ကပစ ၂၀ ၏ တပ်မြေကိစ္စနှင့် ပတ်သက်သော အချက်အလက်များအား ပြည်သူ့လွှတ်တော်မှတ်တမ်းမှ ထုတ်နုတ်ပယ်ဖျက်ရန် ရုံးအဖွဲ့အား ညွှန်ကြားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

> ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ဂ)၌ "အဆိုတစ်ရပ်ကိုဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင်ဆွေးနွေးဆဲ အဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်" ဟူသော စည်းကမ်းချက်နှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်သည် ကိုက်ညီမှုမရှိသည့်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များတင်ပြလာသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ ကပစ ၂၀ ၏တပ်မြေကိစ္စနှင့်ပတ်သက်သောအချက်အလက်များအား ပြည်သူ့လွှတ်တော်မှတ်တမ်းမှ ထုတ်နုတ်ပယ်ဖျက်ရန် ရုံးအဖွဲ့အားညွှန်ကြားပြီးဖြစ်။

## အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌအား သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၈**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Olivier RICHARD သည် ယနေ့ နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Murat Yavuz Ates သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း ပြည်သူ့လွှတ်တော် ကော်မတီဆောင်အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ Capacity Building ဆောင်ရွက်ရေး၊ မြို့ပြများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရေး မြန်မာနိုင်ငံရှိ တူရကီစစ်သင်္ချိုင်းများကို ပြန်လည်ပြုပြင်ရေးနှင့် ဝန်ထမ်းအချင်းချင်း Exchange Programme ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ဆွီဒင်နိုင်ငံ ISDP ၏ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော်　မတ်　၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် ဆွီဒင်နိုင်ငံ Institute for Security and Development Policy(ISDP)၏ ညွှန်ကြားရေးမှူး ဒေါက်တာနစ်ခ်လက် စွမ်စတုန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ့တပ်မတော်နှင့် ISDP တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ တပ်မတော်၏ လိုအပ်ချက်များနှင့် အကြံပြုချက်များအပေါ် အခြေခံပြီး ISDP မှ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော် ခုတင်(၁၀၀၀)၌ တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း



**နေပြည်တော်　မတ်　၈**

(၇၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ထိန်လင်း၊ ဦးစီးအရာရှိ/ အခြားအဆင့် တပ်ဖွဲ့ဝင် ၆၀ တို့သည် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုက ကြည့်ရှုအားပေးခဲ့ပြီး**(ဝဲပုံ)**သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးခဲ့သည်။ **(ကြေးမုံ)**

# လူ ၁၅ ဦးဒဏ်ရာရပြီး နှစ်ဦးသေဆုံးသည့် အမြန်လမ်းယာဉ်တိုက်မှု ယာဉ်မောင်းနှစ်ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်ထား

**မိတ္ထီလာ　မတ်　၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အနီး အမြန်လမ်းတွင် မတ် ၇ ရက်က ဖြစ်ပွားခဲ့သည့် လူ ၁၅ ဦးဒဏ်ရာရပြီး နှစ်ဦးသေဆုံးသည့် ယာဉ်တိုက်မှုမှ ယာဉ်မောင်းနှစ်ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သီးကုန်းအမြန်လမ်းမကြီးရဲစခန်း စခန်းမှူး ရဲအုပ်ဌေးအောင်ထံမှ သိရသည်။

"ဝမ်းတွင်းမြို့နယ်အနီး အမြန်လမ်းပေါ်မှာ မနေ့က ယာဉ်တိုက်မှုမှာပါဝင်တဲ့ ယာဉ်မောင်းနှစ်ဦးကို အမှုဖွင့်အရေးယူဆောင်ရွက်ထားပါတယ်။ အခင်းဖြစ်ရာနေရာကို ကျွန်တော်အပါအဝင် သီးကုန်းအမြန်လမ်းမကြီး တပ်ဖွဲ့ဝင် ၂၂ ဦး၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင် လေးဦးနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။"

"ယာဉ်တိုက်မှုဖြစ်ပွားပုံက ရန်ကုန်ကနေ မန္တလေး ဘက်ကိုမောင်းနှင်ပြီး ခရီးသည်တွေ အပေ့ါအပါးသွားနိုင်အောင် အမြန်လမ်းမဘေးကို ရပ်နားထားတဲ့ မန်းရွှေမြို့တော် မော်တော်ယာဉ်ကို ရန်ကုန်ကနေ အလောင်းတော်ကဿပဘုရားဖူးသွားတဲ့ ဘင်ဂို (၃) အမျိုးအစား လိုက်ထရပ်ယာဉ်က နောက်ကနေဝင်တိုက်မိတာပါ။"

"ကျွန်တော်တို့ရောက်သွားချိန်မှာ လိုက်ထရပ်ယာဉ်ပေါ်ပါလာတဲ့သူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၁ ဦး အနက် ၁၄ ဦး ဒဏ်ရာရပြီး နှစ်ဦးသေဆုံးခဲ့ကာ ကျန်တဲ့သူတွေက လုံးဝဒဏ်ရာ မရပါဘူး။ နောက်မှ တစ်ဦးက သွေးထွက်တဲ့ ဒဏ်ရာရတာမို့ ၁၅ ဦးဖြစ်သွားတယ်။ လက်ရှိအခြေအနေမှာတော့ မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးမှာ ဒဏ်ရာရပြီး ကုသမှုခံယူတဲ့သူ သုံးဦးလောက်ပဲကျန်ပါတော့တယ်။ ယာဉ်မောင်းနှစ်ဦးကိုတော့ အမှုဖွင့်အရေးယူဆောင်ရွက်ထားဆဲ ဖြစ်ပါတယ်"ဟု သီးကုန်းအမြန်လမ်းမကြီးရဲစခန်း စခန်းမှူး ရဲအုပ်ဌေးအောင်က ပြောသည်။

ယင်းယာဉ်တိုက်မှုတွင် ဘင်ဂို (၃) လိုက်ထရပ်မော်တော်ယာဉ်မောင်း ကျော်ခိုင်စိုးအား ယာဉ်(ပ)၁၀/၁၆၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈/၃၃၇ တို့ဖြင့်လည်းကောင်း၊ မန်းရွှေမြို့တော်မော်တော်ယာဉ်မောင်း သန်းဝင်းအောင်အား အမြန်လမ်းမကြီးများ ဥပဒေပုဒ်မ ၂၂ ဖြင့်လည်းကောင်း သီးကုန်းအမြန်လမ်းရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**




# ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# မြန်မာနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော်　မတ်　၉**

မစ္စတာ ဖရန်စစ္စကို ဗာ့စ်ပါတိုကိုအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖရန်စစ္စကို ဗာ့စ်ပါတိုကိုအား ၁၉၆၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် မိုဇမ်ဘစ်နိုင်ငံ ဘေရာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ ကက်သလစ်တက္ကသိုလ်မှ ဥပဒေဘွဲ့နှင့် ဥရောပလေ့လာမှုပညာရပ်ဆိုင်ရာ ဘွဲ့လွန်ရရှိခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ဘွန်းမြို့၊ ဘာလင်မြို့နှင့် လူအန်ဒါမြို့တို့ရှိ ပေါ်တူဂီသံရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဥရောပအဖွဲ့အစည်းများဌာန၏ အကြီးအကဲအဖြစ်လည်းကောင်း၊ ဥရောပရေးရာ ဒုတိယဝန်ကြီး၏ ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း၊ စီမံရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ပေါ်တူဂီအသံအမတ်ကြီးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော်　မတ်　၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် လက်ရှိ နော်ဝေသံအမတ်ကြီး မစ္စစ်အန် အော်လီစတတ်၏နေရာတွင် မစ္စစ် တူနယ် တီးနပ်(စ်)အား ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စစ် တူနယ် တီးနပ်(စ်) ကို ၁၉၆၁ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၈ ခုနှစ်တွင် နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်မှ စီးပွားရေးပညာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၌ အကြံပေးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ယင်းဝန်ကြီးဌာနတွင်ပင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် နော်ဝေ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတွင် စီးပွားရေးပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တန်ဇန်းနီးယားနိုင်ငံ ဒါရက်စ်ဆလမ်မြို့ရှိ နော်ဝေသံရုံးတွင် စီးပွားရေးသံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နော်ဝေ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့် အသုံးစရိတ်ထောက်ပံ့ရေးဌာနအကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။

၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၂၀၀၆ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ မူဝါဒရေးရာ ဆန်းစစ်မှုဌာနတွင် အကြီးတန်းအကြံပေးအဖြစ် ၂၀၀၇ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမူဝါဒရေးရာဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ယင်းဌာနတွင်ပင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စစ် တူနယ် တီးနပ်(စ်)သည် ၂၀၁၄ ခုနှစ်မှစ၍ တောင်ဆူဒန်နိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

**❖ ရှေ့ဖုံးမှ**

အသုံးပြုသောပစ္စည်းကို အမေရိကန်နိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းခဲ့သည်။ ဂုတ်ထိပ်တံတားကြီး၏ ပုံစံဒီဇိုင်းကို ဗြိတိန်နိုင်ငံမှ ဆာအေအမ်ရင်းဒဲလ်အင် ကုမ္ပဏီက ရေးဆွဲခဲ့သည်။ တံတားကြီးကို ထောက်ပင့်ထားသော သံတိုင်များအနက် အမြင့်ဆုံးတိုင်သည် ပေ ၈၂၀ မြင့်၍ အနိမ့်ဆုံးသံတိုင်မှာ ၄၅ ပေ မြင့်သည်။ ဂုတ်ထိပ်တံတားကြီး၏ ထူးခြားမှုဝိသေသမှာ အခြားသောတံတားကြီးများကဲ့သို့ မြစ်၊ ချောင်းများကိုဖြတ်ကျော်တည်ဆောက်ထားခြင်းမဟုတ်ဘဲ လျှိုကြီးနှစ်ခုကို ဖြတ်သန်းတည်ဆောက်ထားခြင်းသာဖြစ်သည်။ တံတားတစ်ခုလုံး သံ၊ သံမဏိ ၄၃၁၁တန်၊ သံမှိုပေါင်း တစ်သန်း၊ ပေါင်ချိန် တန် ၁၁၃၂၀၀ အသုံးပြုထားသည်။ တံတားတိုင်ပေါင်း ၁၆ တိုင်ဖြစ်ရာ တံတားကြီး၏ အလယ်တိုင်များအနက် တံတားတိုင်အမှတ် (၈)နှင့် (၉)တို့က အမြင့်ဆုံးဖြစ်သည်။

အဆိုပါဂုတ်ထိပ်တံတားကြီးသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း မဟာမိတ်တို့၏ မြေလှန်စနစ်ကြောင့် ဖျက်ဆီးခြင်းခံခဲ့ရပြီး တိုင်အမှတ် (၂)နှင့် (၅)တို့ ပျက်စီးသွားခဲ့သည်။ မြန်မာနိုင်ငံမှ ဖက်ဆစ်ဂျပန်တို့က ပြန်လည်ဆုတ်ခွာချိန်တွင် ဂုတ်ထိပ်တံတား၏ အမြင့်ဆုံးတိုင်များဖြစ်သော တံတားအလယ်တိုင်လေးတိုင်ကို ဗုံးခွဲဖျက်ဆီးခဲ့သည်။ တိုင်အမှတ် (၁၁) က အောက်ခြေပြတ်ခဲ့ပြီး တိုင်အမှတ် (၁၀) နှင့် (၁၂)တို့မှာ ပြိုလဲပျက်စီးခဲ့ရသည်။ ထိုတိုင်များပေါ်တွင် တပ်ဆင်ထားသော ပေ ၁၂၀ စီရှည်သည့် ပေါင်းကူးတံတား သံပေါင်လေးခုလည်း မြေခခဲ့ရသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပျက်စီးနေသော ဂုတ်ထိပ်တံတားကြီးကို မြန်မာ့မီးရထားဌာနက ပြန်လည်ပြင်ဆင်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလမှစတင်၍ ဂုတ်ထိပ်တံတား ပြန်လည်ပြင်ဆင်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ပစ္စည်းရှားပါးမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် ၁၉၅၃ ခုနှစ် ဩဂုတ်လတွင် ပြန်လည်ပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးနိုင်ခဲ့သည်။ ဂုတ်ထိပ်တံတား ပြန်လည်ပြင်ဆင်မှုအတွက် နိုင်ငံတော်မှ ငွေကျပ် ၃၂ သိန်း ကုန်ကျခဲ့သည်။

တံတားကို ရှမ်းဘာသာဖြင့် 'ငုပ်ထိပ်'မှ 'ဂုတ်ထိပ်'တံတားဟူ၍ အမည်တွင်လာသည်။ သီပေါမြို့နယ်တွင် ဟိုကွက်အမည်ဖြင့် ရွာတစ်ရွာရှိရာ ဟိုကွက်ဟူသောအမည်သည် ထိုနေရာတွင် မြစ်ချောင်းများ ငုပ်လျှိုးကွယ်ပျောက်သွားသည်ကိုအစွဲပြု၍ ခေါ်ဆိုသည်။ ထိုဟိုကွက်ကျေးရွာအနီးတွင် နမ်းပဆေးမြစ်သည် မြေကြီးထဲသို့ ငုပ်လျှိုးသွားပြီး အခြားတစ်နေရာရောက်မှ မြစ်ကြောင်းပြန်ပေါ်လာသဖြင့် နမ်းပဆေးမြစ်ငုပ်သွားသည့် ထိပ်နေရာဟူ၍ရည်ရွယ်သော ထိုနေရာကို ငုပ်ထိပ်ကျေးရွာဟုခေါ်ဆိုခဲ့သည်။ ကာလရွေ့လျားလာသောအခါ 'ငုပ်ထိပ်'မှ 'ဂုတ်ထိပ်'ဖြစ်လာသည်ဟူ၍ မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင် ရည်ညွှန်းထားသည်။

တံတားတည်ဆောက်မှုနည်းပညာအဆင့်မြင့်မှု၊ သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားသောတံတားဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွင် ပါဝင်လာသည်။ အမိမြန်မာပြည်အတွက် အမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး သံလမ်းတံတား၊ မြင်းခုံတံတားဟူ၍ မှတ်ကျောက်တင်ခေါ်ဆိုနေကြဆဲဖြစ်သည်။ ခေတ်အဆက်ဆက်က ပျက်စီးယိုယွင်းမှုများကို ထိန်းသိမ်းလာခြင်းကြောင့် ယနေ့တိုင်တည်ရှိပြီး ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသောနေရာတစ်ခုအဖြစ် တည်ရှိနေသည်။

'ဂုတ်ထိပ်တံတားကို ကားလမ်းလည်းပေါက်လာတယ်။ နောက်လာတဲ့လူတွေလည်း များများလာတော့ သံလမ်းပြေးယာဉ်တွေ အဆင့်မြှင့်ပြေးဆွဲဖို့တင်ဒါခေါ်မယ်။ တင်ဒါကုမ္ပဏီရွေးချယ်ပြီးရင် လုပ်ငန်းစလုပ်ဖြစ်မယ်။ အချိန်ကိုတော့ ဧပြီလထဲမှာ မှန်းထားတယ်'ဟု ၎င်းက ဆိုသည်။

'ကျွန်တော်တို့တာဝန်ရှိတဲ့သူတွေတောင် ဂုတ်ထိပ်တံတားအပေါ် တံတားကြံ့ခိုင်ရေးစစ်ဆေးရင် သံလမ်းပြေးကားနဲ့သွားတယ်။ အန္တရာယ်များလွန်းလို့ တံတားပေါ်မှာ လူလျှောက်လမ်းမရှိလို့ ဟိုဘက် ဒီဘက် ရထားထွက်လာရင် ပြေးစရာမြေမရှိဘူး။ ဒါကြောင့် ခရီးသည်တွေကြည့်ရှုဖို့ခွင့်ပြုထားတဲ့ သံလမ်းပြေး (RGC) နဲ့ (RBE) ခရီးသည် ၅၀ စီးနိုင်တဲ့ကားရထား ယာဉ်အမျိုးအစားကိုပြေးဆွဲပြီး ခရီးသည်တစ်ဦးကို ငါးထောင်နှုန်းနဲ့ တစ်ရက်ကို နှစ်ကြိမ်ခေါက်တို အသွား၊ အပြန်ဆွဲပေးနေတယ်'ဟူ၍ ဆက်လက်ပြောသည်။

ဂုတ်ထိပ်တံတားကို ဖြတ်သန်းကြည့်ရှုသူများက ရုံးဖွင့်ရက်တွင် လူဦးရေ ၂၀၀ မှ ၅၀၀ ခန့်သာရှိပြီး ရုံးပိတ်ရက်များတွင် လူ ၈၀၀ မှ ၁၀၀၀ ခန့် လာရောက်လည်ပတ်ကြကြောင်း မန္တလေးတိုင်းဒေသကြီးတာဝန်ခံ(သွားလာရေး)က ပြောသည်။ ကမ္ဘာကျော် ဂုတ်ထိပ်တံတားပေါ် အထူးအစီအစဉ်ဖြင့် လူ ၂၀ ဆံ့ RGC-110 ယာဉ်ဖြင့် ပထမဆုံးပြေးဆွဲမည်ဟု သိရသည်။ သံလမ်းပြုပြင်ရာတွင်အသုံးပြုသော RGC-110 တွဲပေါ်တွင် ဖိုက်ဘာထိုင်ခုံတပ်ဆင်၍ ဂုတ်ထိပ်တံတားဝန်းကျင်ရှိ ရှုခင်းအလှများ အလွယ်တကူ ကြည့်ရှုလေ့လာခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်းတို့ပြုလုပ်နိုင်ရန် စင်းလုံးငှားစနစ်ဖြင့် ပြေးဆွဲမည်ဖြစ်သည်။ ရထားတွဲ RGC-110 ကို အကာအရံများဖြင့်လုံခြုံစွာ ပြုလုပ်ထားပြီး လမ်းစနစ်၊ ဘရိတ်စနစ်ကိုလည်း ကြံ့ခိုင်ကောင်းမွန်အောင် ဆောင်ရွက်ထားသည်။

ယနေ့ပြောင်းလဲလာသောခေတ်အချိန်ကာလတွင် နိုင်ငံတကာကမ္ဘာလှည့်ဧည့်သည် ရွှေဧည့်သည်များဝင်ရောက်မှုမြင့်မားသည်နှင့်အတူ ဂုတ်ထိပ်တံတားဝန်ဆောင်မှုလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားရန် မြန်မာ့မီးရထားရုံးချုပ် စီးပွားရေးဌာနမှ ဆောင်ရွက်သွားမည်။

အဆင့်မြင့်ဝန်ဆောင်မှုပြုလုပ်ရာတွင် သံလမ်းပြေးယာဉ်နှင့် အမျိုးအစားအတွက် ပုဂ္ဂလိက ကုမ္ပဏီများကို တင်ဒါခေါ်ယူသွားမည်ဖြစ်သည်။ ဂုတ်ထိပ်တံတားကြံ့ခိုင်မှုအပိုင်းတွင်လည်း လက်ရှိအနေအထားထက် ပိုမိုကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ပြီး ၂၀၁၆ ခုနှစ် ဧပြီလ နှစ်သစ်ကူးချိန်တွင် လုပ်ငန်းစတင်ရန် ရည်မှန်းထားကြောင်း မြန်မာ့မီးရထားရုံးချုပ် စီးပွားရေးဌာနတာဝန်ခံ ဦးကျော်ကျော်မျိုးက ညွှန်းဆိုသည်။

'တံတားပေါ် လမ်းလျှောက်ခွင့်ကိုတော့ ပိတ်ထားတယ်။ ထိပ်နားကနေ လေ့လာခွင့်ပေးထားတယ်။ နိုင်ငံခြားသားတွေအတွက် သီးသန့်ပြေးဆွဲပေးဖို့ တိုင်းအမှတ် (၃) မန္တလေးမြို့ မြန်မာ့မီးရထားနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်'ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားတိုင်း (၇)သွားလာရေးမန်နေဂျာ ဦးကျော်စိုးလင်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာသော မီးရထားသည် ပွဲကောက်၊ ဝက်ဝံဘူတာများတွင် ရပ်နားပြီး နောင်ချိုဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိသည်။ ရထားပေါ်မှာ လိုက်ပါလာကြသော ကမ္ဘာလှည့်ဧည့်သည်များ၊ နိုင်ငံခြားရွှေဧည့်သည်များက ရထားသံလမ်းတစ်လျှောက် တောတောင်စိမ့်စမ်းများကို ဖြတ်ကျော်၍ ရထားသံလမ်းဘေးတစ်ဖက်တစ်ချက်က သဘာဝရှုခင်းအလှကို မြင်တွေ့ကြရသည်။ ဓာတ်ပုံမှတ်တမ်း ရယူကြသည်။ တောင်ဆင်းတောင်တက် အကွေ့အကောက်တွင် မောင်းနှင်နေသော မော်တော်ယာဉ်များကိုလည်း ရံဖန်ရံခါမြင်တွေ့ကြရသည်။

နောင်ချိုမှထွက်ပြီး (၇)မိုင်အလွန် မိုင်တိုင်အမှတ် (၄၆၃/၀၉)အရောက်တွင် ရင်သပ်ရှုမောဖွယ် မိုးပြာရောင်ကောင်းကင်အောက်မှ ဂုတ်ထိပ်တံတားရှည်ကြီးကို မြင်တွေ့ကြရသည်။ လှပသောတောင်တန်းစိမ်းကြီး မြိုင်ကြီးကြားလေထဲတွင် လွင့်နေဘိအလား ထင်မှတ်မှားရသော ဂုတ်ထိပ်တံတားရှည်ကြီးကို အဝေးကပင် မြင်နိုင်သည်။ ဂုတ်ထိပ်တံတားပေါ် အနီးကပ်မြင်ကွင်းအလှကရင်မော ရင်ဖို သည်းထိတ်စရာပင်။

လားရှိုးမြို့မှ အဆန်ရထားက နောင်ပိန်ဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိုက်ရောက်သည်။ နောင်ပိန်ဘူတာရပ်စခန်းတွင် နိုင်ငံခြားရွှေဧည့်သည်များ ဆင်း၍လေ့လာကြသည်။ ရှမ်းပြည်နယ်ကျေးလက် မြင်ကွင်းများကို မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ နောင်ပိန်ဘူတာရပ်စခန်းတွင် လားရှိုး-မန္တလေးအစုန်အမှတ် (၁၃၂) ရထားဖြင့်ဆုံကြသည်။ ရထားပေါ်မှ ဂုတ်ထိပ်တံတားအလှကို ကြည့်ရှုမျက်စိအရသာ ခံစားလိုကြသော ခရီးသည် ရွှေဧည့်သည်တို့နှင့်ဆုံကြပြန်သည်။ ပြင်ဦးလွင်၊ မန္တလေးခရီးသွား နိုင်ငံခြားသားဧည့်သည်များကားကျောက်မဲ၊ သီပေါ၊ လားရှိုး နိုင်ငံခြားသားဧည့်သည်များနှင့် နောင်ပိန်ဘူတာတွင် ဆုံ၍ ချစ်ကြည်ရင်းနှီးမှုရယူကြသည်။ နောင်ချိုဘူတာမှ နောင်ပိန်ဘူတာထိ ၁၆ မိုင်အကွာကို ရထားခုတ်မောင်းချိန် ၁ နာရီ ၁၅ မိနစ်ကြာမြင့်သည်။ ဂုတ်ထိပ်တံတားတစ်ဖက်တစ်ချက်တွင် ရထားကို ၁၀ မိနစ်စီရပ်နားပြီး ရှုခင်းအလှကို ခံစားစေသည်။

ဂုတ်ထိပ်တံတားရှည်ကြီးပေါ် မြန်မာ့မီးရထားဖြတ်စဉ် အရှိန်လျှော့၍ ဖြည်းညင်းစွာ ခုတ်မောင်းလာရာ လိုက်ပါလာသောခရီးသည်များအတွက် ကြည်နူးပျော်မဆုံးကြပါ။ ပတ်ဝန်းကျင်အလှနှင့် မိခင်မြန်မာပြည်၏ အလှတရားကို ရင်ဝယ်ပိုက်ထွေးခံစားခွင့်ရ၍ မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာကြီးပြင်းပြီး မြန်မာဖြစ်ရခြင်းကိုပင် ဂုဏ်ယူပင့်သက်ဖြာမိကြသည်။

ပြည်ပနိုင်ငံခြားသားများက Goteik Viaduct တံတား၊ ငုပ်ထိပ်တံတား၊ မြင်းခုံတံတားဟူ၍ သိရှိကြပြီး ကမ္ဘာသိဂုတ်ထိပ်တံတား၏ အလှသည် မြန်မာပြည်၏ စစ်ဘေးစစ်ဒဏ်ကို ခံခဲ့ရသည်။ ကမ္ဘာစစ်၏ ပထမ၊ ဒုတိယ နှစ်ကြိမ်ကိုလည်း ကျော်လွှားခဲ့ရသည်။

စစ်ဘေးဒဏ်ခံနိုင်ခဲ့သော ပျဉ်းမငုတ်တိုပမာ ဂုတ်ထိပ်တံတားကြီးကား နှစ်ရာချီမှသည် နှစ်ထောင်ချီသည့်တိုင် အစဉ်တည်တံ့ပြီး မြန်မာတိုင်းရင်းသားသွေးချင်းတို့၏ ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေမည်သာဖြစ်သည်။

# နိုင်ငံတော်သံစုံတီးဝိုင်းဖြင့် မန္တလေးမြို့တွင် အခမဲ့ ဖျော်ဖြေပွဲကျင်းပမည်



**မန္တလေး မတ် ၈**

မန္တလေးမြို့၏ အထင်ကရ မြို့မအသင်းကြီး၏ ဂန္ထဝင်ဆရာ မြို့မငြိမ်း၏ တေးသီချင်းများကို တီးခတ်ဖျော်ဖြေမည့် Myanmar National Symphony Crchestra ၂၀၁၆ ဂီတဖျော်ဖြေပွဲကြီးကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. YUNOSUKE YAMAMOTO (Conductor & Composer) ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ ပူးပေါင်းကာ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ မတ် ၁၅ ရက်တွင် ဝင်ကြေးအခမဲ့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အနောက်တိုင်းတူရိယာနဲ့ မြန်မာသီချင်းတွေကို တီးခတ်ဖြေဖျော်တဲ့အခါ လာရောက်ကြည့်ရှုတဲ့ ပရိသတ်တွေ အံ့သြသွားစေရမယ်။ မြန်မာသီချင်းတွေရဲ့ သံစဉ်တွေကို သူတို့ (ဂျပန်နိုင်ငံသား) တွေ ယဉ်ပါးအောင် အချိန်ယူလေ့ကျင့်ထားပါတယ်။ မန္တလေးမှာက နိုင်ငံတော်သံစုံတီးဝိုင်းနဲ့ ဖျော်ဖြေတာဒါက ဒုတိယအကြိမ်ပါ။ မြန်မာနိုင်ငံမှာ ဂျပန်အနုပညာရှင်တွေနဲ့ ပူးပေါင်းကျင်းပတာ တတိယအကြိမ်ပါ။

နိုင်ငံတော် သံစုံတီးဝိုင်းအနေနဲ့တော့ ဂျပန်နဲ့မှ မဟုတ်ပါဘူး။ ပြင်သစ်၊ ဂျာမနီ၊ ထိုင်းနဲ့ ကိုရီးယားနိုင်ငံက အနုပညာရှင်တွေနဲ့လည်း ပူးပေါင်းပြီး ဖျော်ဖြေပွဲလုပ်ခဲ့တယ်။ ပူးပေါင်းကျင်းပတော့ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဂီတကို ပျံ့နှံ့တာပေါ့"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးတိုးကျော်က စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကြီးကို အများပြည်သူ ကြည့်ရှုနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (News Channel)မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်ကာ သီချင်း ၁၂ ပုဒ်ကို တီးခတ်ဖျော်ဖြေသွားမည်ဖြစ်သည်။ တီးခတ်ရာတွင်လည်း အနောက်တိုင်းသံစဉ် တီးခတ်ရာတွင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ပြီး မြန်မာသံစဉ် မြန်မာသီချင်းများ တီးခတ်ရာတွင်လည်း မြန်မာဝတ်စုံများဖြင့် တီးခတ်သွားမည်ဖြစ်သည်။ ဖျော်ဖြေပွဲကို ညနေ ၆ နာရီခွဲမှ စတင်ကာ ၁ နာရီ မိနစ် ၂၀ ကြား တီးခတ်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ တီးခတ်မှုအားလုံးတွင် ကွန်ပျူတာပြုလုပ်ချက်များ လုံးဝပါဝင်မည်မဟုတ်ကြောင်း၊ ဂျပန်အနုပညာရှင် လေးဦးနှင့်အတူ နိုင်ငံတော်သံစုံတီးဝိုင်းမှ ဝန်ထမ်း ၆၀ တို့က တီးခတ်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်ပွဲကျင်းပ

**ရန်ကုန် မတ် ၈**

ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိဆရာကြီး ဦးရန်ကြီးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ဦးကြိုင်မြင့်(ဆူးလေ)က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်အောင် (ဝါးခယ်မ-ဖျံငါးကောင်) က နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်မြင့် (စိန်ဂွန်း-စံမောင်)က အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အမှုဆောင်ဟောင်းများ နုတ်ထွက်ကြပြီး ရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်အောင်ဌေး၊ အဖွဲ့ဝင် ဒေါက်တာဦးကျော်စိန်တို့ပါဝင်သော အဖွဲ့ဝင်များက ဥက္ကဋ္ဌအဖြစ် ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ-ဖျံငါးကောင်)၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မြင့်(စိန်ဂွန်း-စံမောင်)၊ အတွင်းရေးမှူး တွဲဖက်ပါမောက္ခ ဒေါက်တာဝင်းလွင်၊ တွဲဖက်အတွင်းရေးမှူး ဦးသောင်းစိန်၊ ဘဏ္ဍာရေးမှူး ဦးတင်ရွှေ(မန်း)၊ အဖွဲ့ဝင် ဇွဲတင်ဝင်း၊ စာရင်းစစ် ဦးတင်ထွဋ်တို့အား စိစစ်ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**စာပေမြင့်မှ လူမျိုးတင့်မည်**



# အင်းလေးဒေသ သမိုင်းဝင်ရွှေအင်းတိန်စေတီတော်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်ဖူးမြော်လေ့လာလျက်ရှိ

**ညောင်ရွှေ မတ် ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း ) ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ်ဝင်ရောက်လည်ပတ်အပန်းဖြေလေ့လာလျက်ရှိရာတွင် ရှမ်းပြည်နယ်၏ ပုဂံဟုတင်စားထားသော သမိုင်းဝင်ရွှေအင်းတိန်ဘုရားစေတီပုထိုးများသို့ အင်းလေးမော်တော် (စက်လှေ)ဆိပ်မှ ဘုရားစဉ်ဖူးသည့် ခရီးစဉ်များတွင် မဖြစ်မနေဝင်ရောက်ဖူးမြော်လေ့လာလျက်ရှိသည်။

ရှေးဟောင်းသမိုင်းဝင် ရွှေအင်းတိန်မြတ်စွာဘုရားသည် ကျေးပေါခုန်ကျေးရွာအုပ်စု အင်းတိန်ကျေးရွာအနီးတွင်တည်ရှိပြီး ရွှေအင်းတိန်စေတီတော်နှင့်အနီးရှိ ဘီလူးချောင်းပတ်ဝန်းကျင်တွင် ရှည်လျားပေါ်လွင်သည့် ဖောင်းရစ်များ၊ ရိုးရာဗိသုကာလက်ရာများ၊ ရုပ်လုံးရုပ်ကြွ၊ အင်္ဂတေပန်းတော့လက်ရာများရှိသည့် စေတီကြီး၊ ငယ် ၁၀၅၄ ဆူကို ဖူးမြော်နိုင်သည်။

အဆိုပါစေတီများကို အေဒီ ၁၄ ရာစုမှ ၁၈ ရာစုအတွင်း မတူကွဲပြားထူးခြားသည့် ရိုးရာဗိသုကာလက်ရာများဖြင့် တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

ရွှေအင်းတိန်မြတ်စွာဘုရား ဗုဒ္ဓပူဇနိယဆွမ်းကြီးလောင်းပွဲတော်အား တန်ဆောင်မုန်းလဆန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ဘုရားပွဲတော်ရက်အတွင်း၌ ဘုရားတန်ဆောင်းနှင့် ရင်ပြင်ပေါ်တွင် အင်းလေးကန်ကျေးရွာအတွင်းမှ လာရောက် ဆွမ်းလောင်းလှူသူ ဒေသခံတိုင်းရင်းသားများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များဖြင့် အထူးပင်စည်ကားလျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**စိုင်းလူမင်း(မီဒီယာဂရု)**

# မန်းရွှေစက်တော်ဘုရားပွဲတော် စိတ်အေးချမ်းသာ ဖူးမြော်စေချင်



**မင်းဘူး မတ် ၈**

မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးအား ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာပြည်သူများ၊ လေ့လာသူများနှင့် နှစ်စဉ် ရက်ရှည် စည်ကားသိုက်မြိုက်စွာ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ကျင်းပလျက်ရှိရာ ဘုရားဖူးလာပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်ဖွယ် မသမာသူလူတစ်စုတို့ကြောင့် အညာမြေမှ မန်းရွှေစက်တော်ဘုရားပွဲတော်အား ရုပ်ဆိုးအကျည်းတန် အမြင်မတင့်တယ်ရသည်အထိ ဖြစ်ပေါ်လျက်ရှိနေသည်။

မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ မြတ်စွာဘုရားရှင်၏ ပါဒခြေတော်အစစ်အား ဖူးမြော်ကြည်ညိုနိုင်ရန် ရောက်ရှိလာသော ဘုရားဖူးလာပြည်သူများက မိမိတွင်ပါလာသော ဖုန်း၊ ပိုက်ဆံအိတ်နှင့် အသုံးအဆောင်ပစ္စည်းများအား ဘေးတွင်ချထား၍ စိတ်သဒ္ဓါကြည်ညိုစွာဖြင့် အာရုံပြုရှိခိုးပူဇော်နေစဉ် မသမာသူလူတစ်စု၏အကြံအစည်ဖြင့် ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးငယ်များကို အသုံး ပြု၍ အလစ်ခိုးယူမှုပြုနေလျက်ရှိသည်။ ဘုရား ဖူးများ တည်းခိုနေသော တည်းခိုဆောင်များတွင်လည်း ဖုန်း၊ ဟန်းဆက်နှင့် အခြားအဖိုးတန်ပစ္စည်းများအား အလစ်သုတ် ခိုးယူမှုများ၊ မန်းချောင်းအတွင်း ရေချိုး၊ ရေကစားနေစဉ် ရွှေထည်အဖိုးတန်ပစ္စည်းများ ကျပျောက်ပါကလည်း ဆုံးရှုံးရမှုများဖြစ်ပေါ်နေလျက်ရှိသည်။

"ကျွန်တော် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်မှာ မုန့်ဟင်းခါးဆိုင်ဖွင့်ရောင်းချခဲ့တာ အခုဆို ခုနစ်နှစ်ကျော်ရှိပြီ။ ဘုရားပွဲတော်မှာ သူခိုးတွေ တစ်နှစ်ထက်တစ်နှစ် ပိုများ၊ ပိုဆိုးလာတာတွေ့ရတယ်။ အနိုပ်သည်၊ ရေငုပ်သမားဆိုတာရှိသေးတယ်။ ကောင်းတဲ့သူရှိသလို မကောင်းတဲ့သူတွေလည်းပါတယ်။ မန်းရေချိုးရင်း ရွှေထည် ရေထဲကျလို့ ရေငုပ်သမားငှားပြီး လိုက်ရှာခိုင်းလည်း တွေ့တဲ့အခါ ရေထဲမှာပဲ အမှတ်အသားနဲ့ ပြန်ဖွက်ထားခဲ့ပြီး ပိုင်ရှင်ကို မတွေ့ဘူးပြောတယ်။ ရေငုပ်ခလုပ်အားခလည်း တောင်းယူကြတယ်လေ။ ညအချိန်ကျမှ သူတို့ဖွက်ထားတဲ့နေရာမှာ ပစ္စည်းကို ရေငုပ်ပြီးပြန်ယူရောင်းချပြစီးပွားရှာကြတယ်။ "

"ပွဲတော်ကွင်းမှာက အပေါ်လမ်းနဲ့ အောက်လမ်းဆိုပြီး သူတို့ သတ်မှတ်လုပ်ရှားကြတယ်။ အပေါ်လမ်းက တည်းခိုဆောင်တွေကို စောင့်ကြည့်၊ အလစ်သုတ်၊ ခိုးယူကြတယ်။ အောက်လမ်းက ရေထဲမှာ အမြဲစောင့်ကြည့်ပြီး ရွှေထည်ကျပျောက်တာသိရရင် လိုက်ရှာယူကြတယ်။ နေ့မှာပျောက်တဲ့ ရွှေထည်တွေက ညအချိန် မီးရောင်နဲ့ ရှာရပိုလွယ်တော့ ညပိုင်းမှာ လိုက်ရှာတဲ့သူတွေများတယ်။"

"ဘုရားပွဲတော်ကို မသမာမှု ဒုစရိုက်အလုပ်တွေနဲ့ စီးပွားရှာလုပ်ကိုင်ဖို့ လာရောက်နေထိုင်တဲ့သူတွေရှိနေတယ်။ ဘုရားဖူးလာပြည်သူတွေကို အမြဲသတိပေးတယ်။ ကိုယ့်ပစ္စည်းကိုယ်ဂရုစိုက်ထိန်းသိမ်းကြပါပျောက်ရင် ပြန်ရဖို့မလွယ်ဘူး။ ပွဲတော်ကွင်းမှာလုံခြုံရေးတာဝန်ချထားတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အရန်မီးသတ်အင်အားနဲ့ ပူးပေါင်းပြီး နေ့၊ည တာဝန်ချထားဆောင်ရွက် ပေးနေပါတယ်။"

"ပစ္စည်းပျောက်လို့ အမှုဖွင့် တိုင်ကြားလို့ ချက်ချင်းအရေးယူဆောင်ရွက်ပြီး ပြန်ရတာလည်းရှိပါတယ်။ အချို့ကျတော့ ချက်ချင်းပြန်မရနိုင်ဘူး။ လိုက်စုံစမ်းရတဲ့ အချိန်ကြာတော့ ပစ္စည်းကို စောင့်မယူနိုင်ဘူး။ တစ်ညအိပ် ဘုရားဖူးလာတာများတော့ အမှုမဖွင့်တော့ဘဲ ပြန်သွားသူတွေလည်း ရှိကြတယ်။"

အဓိကကတော့ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကို ဘုရားဖူးလာပြည်သူတွေ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ လာရောက်ဖူးမြော်နိုင်ဖို့ မသမာမှု ဒုစရိုက်လုပ်ကိုင်စီးပွားရှာနေသူတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ဘုရားဖူးလာပြည်သူတွေ ပူးပေါင်းဝိုင်းဝန်းဖမ်းဆီးဖော်ထုတ် အရေးယူဖယ်ရှားပေးစေချင်ပါတယ်"ဟု ဈေးသည် ကိုတူးက ပြောသည်။

**သူရထွန်း(ပွင့်ဖြူ)**

# နွေရာသီတွင် သတိပြုသင့်သည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏သာမန်မျက်စိဖြင့် မမြင်နိုင်သော နေရောင်ခြည်မှ ဖြာထွက်လာသည့် လျှပ်စစ်ရောင်စဉ်လှိုင်းတစ်ခုဖြစ်သည်။ အင်းဆက်ပိုးမွှားများနှင့် ငှက်များကဲ့သို့သော တိရစ္ဆာန်များသာလျှင် ၎င်းရောင်ခြည်ကို မြင်နိုင်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် မြင်နိုင်သည့်ခရမ်းရောင်ထက် လှိုင်းနှုန်း၊ အလျားနှင့်စွမ်းအင်တို့ ပိုမိုမြင့်မားလျက်ရှိသည်။ ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင် Johann Wilhelm Ritter က ခရမ်းလွန်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် နွေရာသီ၌ ခရမ်းလွန်ရောင်ခြည်ပိုမိုကျရောက်လေ့ရှိသည်။ ထိုဒေသများရှိပြည်သူများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို အထူးဂရုပြုကာကွယ်သွားသင့်ပါသည်။

ခရမ်းလွန်ရောင်ခြည်ကို အခြေခံအားဖြင့် Ultraviolet A-UVA၊ Ultraviolet B-UVB နှင့် Ultraviolet C UVC တို့ကိုသာ လူသိများကြသည်။ ထို့အပြင် Near Ultraviolet-NUV၊ Middle Ultraviolet MUV၊ Far Ultraviolet- FUV၊ Hydrogen Lyman-alpha - H lyman-α ၊ Vacuum Ultraviolet- VUV နှင့် Extreme Ultraviolet-EUV တို့ကိုလည်းတွေ့ရှိနိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ခံရသူများသည် အသားအရေများ တဖြည်းဖြည်းညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည်ဖြစ်သည်။ လွန်ကဲစွာကျရောက်ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားသည်အထိခံစားရမည်ဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းကို အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီနှင့် ခရမ်းရောင်ဟူ၍ ခွဲခြားထားသည်။ အစိမ်းရောင်သည်အညွှန်းကိန်း(သုည မှ ၂ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း နည်းပါးသည်။ ထိုအခြေအနေမျိုးတွင် ပြင်းထန်သည့်နေရောင်အောက်သို့ သွားလာမည်ဆိုပါက နေကာမျက်မှန်နှင့် နေပူခံလိမ်းဆေးတို့အသုံးပြုထားသင့်သည်။ အဝါရောင်သည် အညွှန်းကိန်း(၃ မှ ၅ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည် အတန်အသင့်ပါဝင်လာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် သတိထားရတော့မည်ဖြစ်သည်။ နေရောင်ခြည်အောက်သို့သွားလာမည်ဆိုလျှင် နေရောင်မထိအောင် လုံလုံခြုံခြုံဝတ်ဆင်သွားရန်လိုအပ်သည်။ အထူးသဖြင့် အပူချိန်မြင့်မားသည့် နေ့ခင်းဘက်တွင် အရိပ်အာဝါသအောက်တွင်သာ နေထိုင်သင့်သည်။

လိမ္မော်ရောင်သည် အညွှန်းကိန်း(၆ မှ ၇ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းမြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်တစ်ခုလုံးကို နေရောင်ခြည်တိုက်ရိုက်ထိရောက်ခြင်းမှ ကာကွယ်နိုင်သည့် အဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ ထီး၊ ဦးထုပ်များ ဆောင်းခြင်း၊ နေလောင်ဒဏ်ကာကွယ်သည့် ခရင်မ် (Sun Protection Factor- SPF)များ ကြိုတင်သုံးစွဲခြင်း၊ နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို အတတ်နိုင်ဆုံးရှောင်ရှားသွားရန်လိုအပ်လာပြီဖြစ်သည်။ အနီရောင်သည် အညွှန်းကိန်း(၈ မှ ၁၀ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း အလွန်မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် SPF များ သုံးစွဲခြင်း ၊ နေရောင်ခြည်အကာအကွယ်ပေးသည့်အဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ နေရောင်ခြည်ကာကွယ်နိုင်သည့် ဦးထုပ်နှင့် ထီးတို့ကို ဆောင်းခြင်းနှင့် နေရောင်ခြည်အောက်သို့ ကြာမြင့်စွာသွားလာခြင်းတို့ကို အထူးဂရုပြုရှောင်ရှားသွားရန်လိုအပ်သည်။

ခရမ်းရောင်သည် အညွှန်းကိန်း( ၁၁ နှင့်အထက်)ရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း လွန်ကဲစွာမြင့်မားနေသည့် အန္တရာယ်ရှိသောအဆင့်ဖြစ်သည်။ အဘက်ဘက်မှသတိထားရမည့် အခြေအနေဖြစ်သည်။ ထိုအခြေအနေမျိုးတွင် နေလောင်ဒဏ်ခံ SPF များသုံးစွဲခြင်း၊ အကျႌလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်းနှင့် နေရောင်ခြည်အကာအကွယ်ပေးနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်နှင့် မွန်းလွဲချိန်တို့တွင် တတ်နိုင်ပါက နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါသည်။

နေရောင်ခြည်မှဖြာထွက်လာသောခရမ်းလွန်ရောင်ခြည် (Ultraviolet-UV)အား ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV-a၊ UV-b နှင့် UV-c ဟူ၍ ၃ မျိုးခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအပေါ် မတူညီသော ရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည် (UV-c) အပေါ် ထိရောက်စွာ တုံ့ပြန်နိုင်ပြီး ကမ္ဘာ့မြေပြင်အထက်မိုင် ၂၀ ခန့်အကွာတွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည် (UV-a) အပေါ်တွင် သက်ရောက်မှု အနည်းငယ်သာရှိသော်လည်း ၎င်းရောင်ခြည်သည် နေလောင်ခြင်း၊ သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှုမရှိသဖြင့် လွန်စွာပူပန်စရာမလိုပေ။

သို့သော်ခရမ်းလွန်ရောင်ခြည် (UV-b)သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံးသက်ရောက်မှုရှိစေသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူခန္ဓာကိုယ်ပေါ်သို့ ၎င်း (UV-b) တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများအား ပြင်းထန်စွာခံစားရသည်။ သို့သော်ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် (UV-b)အများစုကိုကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိသည်။ ထို့ကြောင့်အိုဇုန်းလွှာပါးလွှာပျက်စီးမှုဖြစ်ပေါ်လာသလောက် ကမ္ဘာမြေပေါ်သို့ (UV-b) ကျရောက်မှုအဆင့်လည်း မြင့်မားလာစေနိုင်ပါသည်။

ခြုံ၍တင်ပြရလျှင် နွေ၊ မိုး၊ ဆောင်း ရာသီစက်ဝန်း မပြတ်လည်ပတ်နေမှုကြောင့် မြန်မာနိုင်ငံသားအားလုံးသည် နွေရာသီကိုမဖြစ်မနေကျော်ဖြတ်ကြရမည်သာဖြစ်သည်။ နှစ်စဉ်နွေရာသီတွင် ပူပြင်းလှသည့်နေရောင်နှင့်အတူ ခရမ်းလွန်ရောင်ခြည်များပါလာလေ့ရှိသည်။ အညွှန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များ ကြာမြင့်စွာကျရောက် ထိတွေ့ခံရပါက အသားအရေများနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ပွားခြင်း၊ အမြင်အာရုံချို့ယွင်းခြင်းတို့အပြင် သား၊ သမီးရနိုင်မှုအလားလာကိုလည်း ထိခိုက်စေနိုင်ပါသည်။ မြန်မာလူမျိုးတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသဘောသဘာဝအရ နေ့စဉ် နေရောင်ခြည်နှင့် မပြတ်ထိတွေ့နေကြရသည်။ ထို့ကြောင့် နွေရာသီ၌ အပူချိန်မြင့်မားသည့် နေ့အချိန်များတွင် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုမှ ကာကွယ်နိုင်ရေးအတွက် အပူဒဏ်ခံအဝတ်အစားများ၊ အရိပ်အကာများနှင့် ခရင်များကို ကြိုတင်ကာကွယ်အသုံးပြုသွားကြပါစို့ဟု အကြံပြု တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။

**မောင်သောင်းဝင်း(တမန်ပောင်း)**

# ဖြေလျှော့ပေးမှုများကြောင့် ခရီးသွားဧည့်သည်များ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသသို့ လာရောက်လည်ပတ်မှု ပိုမိုများပြားလျက်ရှိ



**နေပြည်တော် မတ် ၈**

ယနေ့မြန်မာနိုင်ငံသည် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် သွားလာရေးအဆင်ပြေချောမွေ့အောင် လမ်း၊ တံတားများ တိုးချဲ့တည်ဆောက်ပြုပြင်မှုများကြောင့် ခရီးစဉ် ဒေသများသို့ လွယ်ကူစွာ သွားရောက်လည်ပတ်နိုင်ခြင်းနှင့်အတူ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုအားကောင်းသည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။

ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာခြင်း၊ ညအိပ်ခရီးစဉ်များအဖြစ် နေ့ချင်းပြန်ခရီးစဉ်များကို မြိတ်ကျွန်းစုဒေသအတွင်း စက်တပ်ရွက်လှေများဖြင့် လှည့်လည်လည်ပတ်ကြည့်ရှုခြင်းအား ဖြေလျှော့ခွင့်ပြုပေးခဲ့ခြင်းကြောင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ပြည်ပခရီးသွားဧည့်သည်များသာမက ပြည်တွင်းခရီးသွားဧည့်သည်များပါ တစ်လထက်တစ်လ တိုးတက်ဝင်ရောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၇၀၅၇၃ဦး ဝင်ရောက်ခဲ့ပြီး အပျော်စီးစက်တပ်ရွက်လှေ ခရီးစဉ်အနေဖြင့် ခရီးသွားဧည့်သည် ၃၂၄၈ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

ပထဝီအနေအထား သတ်မှတ်ချက်အရ ဧရိယာ စတုရန်းမိုင်ပေါင်း ၁၁၃၂၀ ကျယ်ဝန်းပြီး ပင်လယ်ပြင်မှာ ကျွန်းကြီးရှစ်ကျွန်းနှင့် ကျွန်းလတ်၊ ကျွန်းငယ်ပေါင်း ၇၉၅ ကျွန်း စုစုပေါင်း ၈၀၃ ကျွန်းဖြင့် ဖွဲ့စည်းထားကာ သွားလာလည်ပတ်ရန် အကောင်းဆုံးကျွန်းများအနေဖြင့် ကြက်မောက်ကျွန်း၊ အနောက်ကျွန်းနီကျွန်း၊ ခရင်းခွကျွန်း၊ ကျွန်းဖီလာကျွန်း၊ မြောက်တော်ဝင်ကျွန်း၊ အမှတ်(၁၁၅)ကျွန်း၊ ညောင်ဝီးကျွန်း၊ ဘိုချိုကျွန်း၊ လန်ပိကျွန်း၊ ကျောက်သင်ပုန်းကျွန်း၊ ဝအလယ်ကျွန်း၊ နတ်သမီးရေတွင်းကျွန်းများဖြစ်ပြီး အဆိုပါကျွန်းများတွင် ခရီးသွားဧည့်သည်များအနေဖြင့် ရေငုပ်ခြင်း၊ ရေအောက်ကြည့်ရှုခြင်း၊ ရွက်လွှင့်ခြင်း၊ လှေလှော်ခြင်း၊ ငှက်ကြည့်ခြင်း၊ ဆလုံလူမျိုးယဉ်ကျေးမှုနှင့် လမုတောများကြည့်ရှုခြင်း၊ တောတွင်း လမ်းလျှောက်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုသို့ သာယာလှပပြီး လည်ပတ်ရန်ကောင်းမွန်သည့် ကျွန်းများသို့ အပျော်စီးစက်တပ်ရွက်လှေဖြင့် ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ ဇန်နဝါရီလအတွင်း အပျော်စီးစက်တပ်ရွက်လှေဖြင့် ဝင်ရောက်လာသော ခရီးသွားဧည့်သည် ၇၁၃ ဦးရှိခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်တစ်ရက်တည်းတွင် စက်တပ်ရွက်လှေ ၁၂ စင်းဖြင့် ခရီးသွားဧည့်သည် စုစုပေါင်း ၉၂ ဦး လာရောက်လည်ပတ်ခဲ့ရာ စက်တပ်ရွက်လှေခရီးစဉ်ဖြင့် လာရောက်လည်ပတ်သော ခရီးစဉ်များအတွင်း ခရီးသည်ဝင်ရောက်မှုအများဆုံးနေ့တစ်နေ့ ဖြစ်ခဲ့သည်။

ဤသို့ သဘာဝအလှများဖြင့် လှပနေပြီး ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းတည်ရှိကာ ထူးခြားဆန်းကြယ်လှပသည့် သဘာဝတောတောင်ရှုခင်းများ၊ ရှားပါးသည့် သဘာဝအပင်များနှင့် ကျေးငှက်တိရစ္ဆာန်အမျိုးပေါင်း မြောက်မြားစွာတည်ရှိသလို ပင်လယ်ရေအောက်သန္တာကျောက်တန်းနှင့် ရေနေသတ္တဝါများပေါများသည့် မြိတ်ကျွန်းစုဒေသကော့သောင်းမြို့သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ အချို့ရက်များအတွင်း ကော့သောင်းမြို့ရှိ ဟိုတယ်များ အခန်းပြည့်ငှားရမ်းရသည်အထိ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုမှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆလုံလူမျိုးတို့၏ ဓလေ့သဘာဝများကိုလေ့လာနိုင်ရန် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကျင်းပမည်

**ဘုတ်ပြင်း မတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် အလယ်မန်အုပ်စု ခင်ပြည့်စုံကျွန်းတွင် ဆလုံလူမျိုးတို့၏ ရေလုပ်ငန်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး ၎င်းတို့၏ ဓလေ့သဘာဝများကို လေ့လာနိုင်ရန် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကို မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆလုံလူမျိုးတွေဘဝက ရေထဲမှာ အသက်ရှင်နေထိုင်ကြရာကနေ ကမ်းပေါ်နေလာကြပြီ။ နာဂရိုးရာပွဲဆိုတာရှိသလို သူတို့ရဲ့ ရိုးရာပွဲလေးကို အမြဲဖြစ်စေချင်တယ်။ နာဂပွဲတော်မှာ မီးပုံပွဲရှိပေမယ့် သူတို့မှာမရှိဘူး။ လူမျိုးတစ်မျိုးရဲ့ရိုးရာကိုဖော်ထုတ်တဲ့ ဒီပွဲလေးက စည်ကားချင်မှ စည်ကားမယ်။ နောက်နောင်မှာ အမြဲတမ်းဖြစ်စေချင်တယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြောသည်။

အဆိုပါပွဲတော်တွင် သစ်ထွင်းလှေပြိုင်ပွဲ၊ ရိုးရာငါးဖမ်းပြိုင်ပွဲ၊ ရိုးရာနတ်ပူဇော်ပွဲများ ပါဝင်မည်ဖြစ်ပြီး နတ်ကိုးကွယ်သည့် ၎င်းတို့ဓလေ့အရ နတ်ဘုရားနှင့် နတ်ဆရာများရှိ၍ ၎င်းတို့ရွေးချယ်သည့် တပေါင်းလဆန်း ၃ ရက် (မတ် ၁၁ ရက်) ကို ပွဲတော်ရက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"သူတို့မှာ ဝင်ငွေနည်းပါးတော့ လှေပေါ်မှာနေထိုင်စားသောက်မှုတွေက သစ်သားလှေနဲ့နေကြတယ်။ ဆယ်တန်းအောင်တဲ့သူတောင် သုံးယောက်လောက်ပဲရှိတယ်။ ဘွဲ့ရတဲ့သူမရှိသေးဘူး။ ဆလုံလူမျိုးတွေရဲ့ ငါးဖမ်း၊ ငါးရှာတဲ့ဓလေ့တွေ၊ ရိုးရာနတ်ပူဇော်တာတွေမြင်ရမယ်။ အဖိုးမဖြတ်နိုင်တဲ့ သမိုင်းတန်ဖိုးတစ်ခုဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ဓာတ်ပုံ-အင်တာနက်

ဆလုံလူမျိုးများသည် မလေးရှားနိုင်ငံ မလက္ကာရေလက်ကြားမှ ရောက်ရှိလာသည့် လူမျိုးတစ်မျိုးဖြစ်နိုင်ကြောင်း၊ ၎င်းတို့အတွက် ဝင်ငွေရရှိရန်၊ သမိုင်းတန်ဖိုးမြင့်သည့် World Heritage ဖြစ်လာစေရန်နှင့် ရေလုပ်ငန်းနှင့် ဆက်နွှယ်နေသော လူမျိုးတစ်မျိုးအကြောင်းသိရှိစေရန် ရေအောက်သယံဇာတများ ရှင်သန်ထိန်းသိမ်းမြတ်နိုးစေရန်တို့ကိုလည်း ရည်ရွယ်သည်ဟုဆိုသည်။

မြိတ်အများပိုင်ကုမ္ပဏီမှ ကျပ်သိန်း ၁၀၀၊ FFI အဖွဲ့မှ ကျပ်သိန်း ၄၀ နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနမှ ကျပ် ၂၅ သိန်း မတည်ကာ ဆလုံပွဲတော်ကိုကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆလုံလူမျိုးများသည် လူနည်းစုသီးခြားနေထိုင်ကြပြီး ဆလုံလူမျိုးဟုအများသိရှိသော (Moken)လူမျိုးတို့၏ ရိုးရာပွဲတော်ဟုလည်း ဆိုသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကလေးမြို့တွင် ရွေ့လျားဆေးကုသယာဉ်ဖြင့် ဆေးကုသမှုဆောင်ရွက်

**ကလေး မတ် ၈**

ကလေးမြို့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှုဖြင့် ရွေ့လျားဆေးကုသယာဉ်မှ ဆေးကုသဆောင်ရွက်မှုကို Mobile Medical Unit လူမှုဖူလုံရေးယာဉ်ဖြင့် မတ် ၇ ရက် ညနေပိုင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခန်းမတွင် ဆောင်ရွက်သည်။

အဆိုပါနယ်လှည့်ဆေးကုသမှုများကို ပထမဦးစားပေးအနေဖြင့် စက်ရုံ၊ အလုပ်ရုံအများဆုံးရှိသည့် မြို့များကို ဦးစားပေးဆောင်ရွက်ပြီး ဒုတိယဦးစားပေးအနေဖြင့် လူမှုဖူလုံရေးရုံးစိုက်ရာမြို့များတွင် ဆောင်ရွက်လျက်ရှိရာ ယင်းနယ်လှည့်ဆေးကုသမှုများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် Medical Diaznostic Center တို့ပူးပေါင်းကာ ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းနယ်လှည့်ဆေးကုသမှုတွင် လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သည့်အလုပ်သမားများကို လူနာများ၏ရောဂါပေါ်မူတည်၍ ဆေးကုသပေးခြင်းဖြစ်ရာ ဆေးကုသမှုတွင် လူမှုဖူလုံရေးရုံးစိုက်ရာအဖွဲ့မှ တာဝန်ခံဆရာဝန်နှင့်သူနာပြုတစ်ဦးတို့က တာဝန်ယူကုသပေးခြင်းဖြစ်သည်။ အဆိုပါ Mobile Medical Unit လူမှုဖူလုံရေးယာဉ်ပေါ်တွင် နှလုံးစမ်းသပ်စက်နှင့် ဓာတ်ခွဲခန်းများပါရှိပြီး ကူးစက်ရောဂါအမျိုးမျိုး၊ အသည်းနှင့်ပတ်သက်သော ရောဂါအမျိုးမျိုး၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းဆိုင်ရာရောဂါများကို နေ့ချင်းပြီး ရှာဖွေကုသပေးလျက်ရှိသည်။

ကလေးမြို့တွင် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သည့် လူနာပေါင်း ၁၀၀ ကျော်အားယနေ့တွင် ဆေးကုသပေးခဲ့ပြီး လူမှုဖူလုံရေးနှင့်အကျုံးဝင်သည့်အလုပ်သမားများတည်ရှိရာ ကလေးခရိုင် ကလေးဝမြို့နယ် ရွှေတောင်သတ္တုတွင်းသို့လည်း ဆက်လက်သွားရောက်ဆေးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ နယ်လှည့်ဆေးကုသမှုအဖွဲ့သည် ၂၀၁၆ ခုနှစ်အတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးမှ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ တောင်ငူမြို့တို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေး၊ ကလေးဝ၊ ကသာ၊ ကောလင်း စသည့်မြို့တို့တွင် ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဂျိုးနက်)**

## အယ်နီညိုကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် ကြိုတင်ဆောင်ရွက်ဆွေးနွေး

**ကော့ကရိတ် မတ် ၈**။ ။အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်ခံစားရနိုင်မှု၊ သောက်သုံးရေရှားပါးနိုင်မှု၊ လူနှင့်တိရစ္ဆာန်များအတွက် အစားအစာရှားပါးနိုင်မှုအခြေအနေများအား ကြိုတင်စီမံဆောင်ရွက်မည့် အစီအမံများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများက မိမိတို့ကျေးရွာရှိ သောက်သုံးရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အခြေအနေနှင့်ပတ်သက်၍ ကြိုတင်စီမံဆောင်ရွက်ထားသည်များကို ရှင်းလင်းတင်ပြခဲ့သည်။ ကော့ကရိတ်မြို့နယ်အနေဖြင့် နွေရာသီတွင် အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေရှားပါးနိုင်သည့် ကျေးရွာ ၅၀ ရှိကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# ဂျေကေရိုးလင်း၏ ဟယ်ရီပေါ်တာ ဝတ္ထုသစ်များ ထုတ်ဝေ



ဟယ်ရီပေါ်တာ မှော်ဇာတ်လမ်းတွဲဝတ္ထုတွေရေးသားဖန်တီးကာ ကမ္ဘာကျော်စာရေးဆရာမ တစ်ဦးဖြစ်လာတဲ့ ဗြိတိန်စာရေးဆရာမ ဂျေကေရိုးလင်းက "The History of Magic in North America"အမည်ဖြင့် နောက်ထပ် ဟယ်ရီပေါ်တာဇာတ်လမ်းတွဲ ဝတ္ထုသစ်လေးပုဒ်ကို ထုတ်ဝေသွားမည်ဖြစ်ကာ ယင်းဝတ္ထုလေးပုဒ်အနက် ပထမဦးဆုံးသော ဝတ္ထုတစ်ပုဒ်ကိုမူ မတ် ၈ ရက်က စတင်ထုတ်ဝေခဲ့ကြောင်း ယူပီအိုင်ဒေါ့ကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ယင်းဝတ္ထုတွေမှာ ဂျေကေရိုးလင်းက သူဖန်တီးရေးသားထားတဲ့ မှော်လောကရဲ့ နေရာသစ်တွေနဲ့ အချစ်ကာလသစ်တွေကို သူ့ရဲ့ဟယ်ရီပေါ်တာ ပရိသတ်တွေနဲ့ မိတ်ဆက်ပေးသွားမှာဖြစ်ကာ မတ် ၈ ရက်က ထုတ်ဝေခဲ့တဲ့ဝတ္ထုသစ်နဲ့ နောင်ထွက်ရှိမယ့်ဝတ္ထုသစ်တွေကို အွန်လိုင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ "pottermore.com"မှာ ဝင်ရောက်ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။

ဝါနာဘရားသားစ်ရုပ်ရှင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက "ယခုထုတ်ဝေမယ့် ဂျေကေရိုးလင်းရဲ့ ဝတ္ထုသစ်တွေမှာ ယခင်ဝတ္ထုတွေမှာ မပါဝင်ခဲ့ဖူးတဲ့ မှော်ကမ္ဘာလောကအကြောင်းတွေကို ခံစားကြရမှာပါ။ မြောက်အမေရိကန်မှာရှိတဲ့ စုန်းမတွေနဲ့ မှော်ပညာရှင်တွေ၊ သူတို့ရဲ့အတိတ်အကြောင်းတွေနဲ့ သူတို့တတ်မြောက်ထားတဲ့ မှော်ပညာရပ်တွေအကြောင်း ဖတ်ရှုခံစားနိုင်မှာပါ" လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဂျေကေရိုးလင်းရဲ့ ဝတ္ထုတွေကိုအခြေခံရိုက်ကူးထားတဲ့ ဟယ်ရီပေါ်တာ ရုပ်ရှင်သစ် "Fantastic Beasts and Where to Find Them" ကို လာမယ့် နိုဝင်ဘာ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ပြသသွားဖို့ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

# ချစ်သူသစ်နဲ့ လက်တွဲခဲ့ပြီဖြစ်တဲ့ စတီဗင်တိုင်လာ



အမေရိကန် ရော့ခ်အဆိုတော်တစ်ဦးဖြစ်တဲ့ စတီဗင်တိုင်လာက သူနဲ့ ကာလအတော်ကြာလက်တွဲလာခဲ့တဲ့ သူ့ရဲ့လက်ထောက်တစ်ဦးဖြစ်သူ အိမီအန်း ပရက်စတန်နဲ့ မကြာသေးမီကပြုလုပ်ခဲ့တဲ့ ပါတီပွဲတစ်ခုကို အတူလက်တွဲကာ တက်ရောက်ခဲ့ကြောင်း အီးနယူးစ်ဒေါ့ကွန်းက မတ် ၈ရက်က ဖော်ပြခဲ့ပါတယ်။

အသက် (၆၇)အရွယ် ရော့ခ်အဆိုတော်နဲ့ သူ့ရဲ့ချစ်သူသစ်တို့ဟာ အသက်အရွယ်အားဖြင့် (၃၉) နှစ်ခန့်ကွာခြားကြောင်းလည်း သိရပါတယ်။

သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြပြီဆိုတဲ့ ကောလာဟလတွေဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်တုန်းက ဟာဝိုင်အီကျွန်းစုကိုသွားရောက်ခဲ့တဲ့ အလည်အပတ်ခရီးစဉ်အတွင်း ဟာဝိုင်အီမှာရှိတဲ့ မဝီကျွန်းမှာ သူတို့နှစ်ဦးကို အတူရေကစားတာတွေ့ခဲ့ရပြီးတဲ့နောက် ပေါ်ထွက်လာခဲ့ပေမယ့် နောက်ပိုင်းမှာ ပါတီပွဲတွေ၊ အခမ်းအနားတွေမှာ အတူတွေ့ရတာမျိုးမရှိခဲ့ပါဘူး။

ဒါပေမယ့် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့တဲ့ အယ်လ်တွန်ဂျွန်ရဲ့ ပါတီပွဲကိုတော့ သူတို့နှစ်ဦး အတူလက်တွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ယခုလို တက်ရောက်ခဲ့တာဟာ သူတို့နှစ်ဦးအတွက် ပထမဦးဆုံးအကြိမ် ချစ်သူတွေအဖြစ် ပရိသတ်ရှေ့မှောက် တရားဝင်ပေါ်ထွက်လာခဲ့ခြင်းလည်း ဖြစ်ပါတယ်။ အဆိုပါ ပါတီပွဲမှာတော့ စတီဗင်တိုင်လာနဲ့ (၂၈)နှစ်အရွယ်သူ့ရဲ့ချစ်သူတို့ဟာ သူတို့ကြားက ဆက်ဆံရေးကို ဖုံးကွယ်ထားလိုတဲ့ဆန္ဒမရှိဘဲ နှစ်ဦးသား ပြုံးပျော်နေကြတာမို့ သူတို့နှစ်ဦးကြားမှာ အသက်အရွယ် ကွာခြားချက်ဟာ ကိန်းဂဏန်းတွေသာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။



# ဒရမ်မာရုပ်ရှင်သစ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ပေးရန် ဟိုင်ရီ ကမ်းလှမ်းခံရ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တွေထဲမှာ တစ်ဖွဲ့အပါအဝင်ဖြစ်တဲ့ "Girls' Day"မှ အဖွဲ့ဝင် ဟိုင်ရီဟာ SBS ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဒရမ်မာရုပ်ရှင် "Entertainer"မှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ရိုက်ကူးပေးဖို့ ကမ်းလှမ်းခံခဲ့ရကြောင်း ကေပေါ့ပ်စတားဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဟိုင်ရီဟာ TvN က ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Reply 1988"မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီးတဲ့နောက် သူ့ရဲ့သရုပ်ဆောင်အရည်အသွေးကြောင့် ယခုလိုခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ပေးဖို့ရာ ကမ်းလှမ်းခံခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောအချိန်အထိ အဆိုပါကမ်းလှမ်းမှုအပေါ် ဟိုင်ရီဘက်က တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးပါဘူး။

"Entertainer"လို့ ယာယီနာမည်ပေးထားတဲ့ အဆိုပါဒရမ်မာရုပ်ရှင်ဟာ ဖျော်ဖြေရေးလောကအကြောင်းကို ပုံဖော်ရိုက်ကူးသွားမယ့်ရုပ်ရှင်ဖြစ်ကာ ယင်းရုပ်ရှင်မှာအဓိကအားဖြင့် ကေပေါ့ပ်ကြယ်ပွင့်တွေရဲ့ ခက်ခဲတဲ့ဘဝ၊ ကြယ်ပွင့်တွေရဲ့ အချစ်နဲ့ပတ်သက်တဲ့ဇာတ်လမ်းတွေနဲ့ ဘဝရှင်သန်မှုပုံစံတွေကို တွေ့မြင်ခံစားကြရမှာ ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့ လက်ခံလိုက်ပါက ဟိုင်ရီဟာ အသက် ၂၂ နှစ်အရွယ် ငယ်ရွယ်တဲ့ မိန်းကလေးတစ်ဦးအဖြစ် သရုပ်ဆောင်ရမှာပါ။ သူဟာ မိဘမဲ့တစ်ဦးဖြစ်ကာ ငါးရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရသူတစ်ဦးလည်းဖြစ်ပါတယ်။ ဒါပေမယ့် မျှော်လင့်မထားတဲ့ အဖြစ်အပျက်တွေဖြစ်ခဲ့ပြီးတဲ့နောက် ဖျော်ဖြေရေးအေဂျင်စီတစ်ခုရဲ့ ဥက္ကဋ္ဌဖြစ်သူနဲ့ ချစ်သူတွေဖြစ်ခဲ့ရပါတယ်။ ယင်းဖျော်ဖြေရေးအေဂျင်စီရဲ့ ဥက္ကဋ္ဌနေရာမှာတော့ ရုပ်ရှင်ထုတ်လုပ်သူနဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသားဂျီဆန်းက ပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး ယင်းရုပ်ရှင်ကို လာမယ့်ဧပြီ ၂၀ ရက်မှာ စတင်ထုတ်လွှင့်ဖို့ စီစဉ်ထားကြောင်း သိရပါတယ်။

လတ်တလောမှာ ဟိုင်ရီဟာ တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော လူငယ်သရုပ်ဆောင်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာလည်း ဟိုင်ရီဟာ များစွာသော ကြော်ငြာတွေနဲ့ မဂ္ဂဇင်းတွေမှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရကာ ဝင်ငွေအကောင်းဆုံးသော အနုပညာရှင်တွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၉ - ၃ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (ဆက်သွယ်ရေး ကဏ္ဍ အပြောင်းအလဲနှင့် တိုးတက်လာမည့်စီးပွားရေးလုပ်ငန်းများ) (အပိုင်း-၃)
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၀း၃၅ အောင်မြင်သူနှင့်အတူ (Precenter မောင်မောင်အေးနှင့် တွေ့ဆုံခြင်း)
၁၁း၁၅ မြန်မာအင်ဂျင်နီယာများ စွမ်းပကား မိတ္ထီလာကန် ကူးတံတားအကျိုးများ
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၇)
၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၈)
၂း၅၀ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
၃း၄၅ AFC Cup 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရောဝတီယူနိုက်တက်အသင်းနှင့် လာအိုတိုယိုတာအသင်း)
၆း၂၀ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
၆း၄၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ပြဇာတ်မျက်နှာများ" (ညီညီမင်းထက်-မြို့တော်၊ ကမ္ဘာကြီး) (ဒါရိုက်တာ-ဇော်ဇော်(ဝါးခယ်မ))
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၈း၃၅ အနာဂတ်ရဲ့ရင်သွေး ရတနာလေးများ
၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၈) -သုခုမရင်ခွင်အငြိမ့်သဘင် "မန္တလေးလူငယ်များအငြိမ့်" (မင်းသမီး-နှင်းစုလှိုင်၊ လူရွှင်တော် - ထင်ပေါ်၊ ထင်ကျော်၊ လူမိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၀၆း၀၀ အဖွင့် မိုးလေဝသအစီအစဉ် တေးဂီတအစီအစဉ်
၀၆း၂၀ ပြည်သူနီတိ "ဤမှန်သော သစ္စာစကားကြောင်"
၀၆း၄၀ တေးဂီတအစီအစဉ်
၀၇း၀၀ ကိုရီးယားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း ၇၉)
၀၇း၅၀ ကိုရီးယားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း ၂၅)
၀၈း၄၀ ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE ( Part- VII )"
၀၉း၀၀ မိုးလေဝသအစီအစဉ်
၀၉း၁၀ English Premier League (Review) (အပိုင်း- ၁)
၀၉း၃၀ တေးဂီတအစီအစဉ်
၁၀း၀၀ မြန်မာဗွီဒီယိုဇာတ်လမ်း "ရင်ထဲမှာနွေ" (ခန့်စည်သူ၊ ခိုင်သင်းကြည်)
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ကြိုတင်မြင်ထား လမ်းခွဲများ" တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇောသာရ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၆)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ဆူးလေးပုံစံတူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်ပွဲမင်္ဂလာ အခမ်းအနား
၈း၀၀ "မင်္ဂလာပါ"The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၅)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ ဟင်းချက်ရအောင်
၁၁း၄၅ MRTV-4 Stage
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂၉)
၂း၀၀ MRTV-4 သတင်း
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၃၆)
၂း၃၀ သဘာဝထဲမှ ရန်သူများ(အန္တရာယ်အရှိဆုံးရန်သူ (မြို့ပြနှင့်လျှပ်စစ်မီး)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၇)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၃၇)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၆)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃၀)
၁၀း၂၀ Lets Talk
၁၀း၅၀ MRTV-4 Stage
၁း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Beauty Lover& Beauty Choice Thank You Party)
၄း၀၅ World of Knoewledge (Monster Fish :Mngolia Terror Trout)

**အားကစား**



# ဩစတြေးလျအိုးပင်းတွင် ဆေးစစ်မှုမအောင်မြင်ခဲ့ဟု နာမည်ကြီးတင်းနစ်မယ် မာရီယာရှာရာပိုဗာ ထုတ်ဖော်ပြောကြား

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်းတစ်ဦးဖြစ်တဲ့ မာရီယာရှာရာပိုဗာက ဩစတြေးလျအိုးပင်းဝင်ရောက်ယှဉ်ပြိုင်နေစဉ်အတွင်း ဆေးစစ်မှုမအောင်မြင်ခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အသက်(၂၈)နှစ်အရွယ်ရှိ ရှာရာပိုဗာက သူဟာကျန်းမာရေးအတွက် ၂၀၀၆ ခုနှစ်ကတည်းက သုံးစွဲလာခဲ့တဲ့ မယ်လ်ဒိုးနီးယန်းကြောင့် အခုလို ဆေးစစ်မှုကျခဲ့ရတာဖြစ်ကြောင်း ပြောပါတယ်။

ဂရင်းစလင်းငါးကြိမ်တိုင် ချန်ပီယံဆု ရရှိထားတဲ့ ရှာရာပိုဗာဟာ လာမယ့် မတ် ၁၂ ရက်ကနေစပြီး ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်မှုကနေ တားမြစ်ပိတ်ပင်ခံရတော့မှာ ဖြစ်ပါတယ်။ ရှာရာပိုဗာကို နှစ်ပေါင်းများစွာ စာချုပ်ချုပ်ဆို စပွန်ဆာပေးထားတဲ့ အားကစားပစ္စည်းကုမ္ပဏီ နိုက်ကီကတော့ သူတို့အနေနဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြီးဆုံးတဲ့တိုင်အောင် စပွန်ဆာကိစ္စရပ်ကို ခေတ္တရပ်စဲသွားမယ်လို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

"ကျွန်မ ဩစတြေးလျအိုးပင်းမှာ ဆေးစစ်ချက်မအောင်မြင်ခဲ့ပါဘူး။ ဒီအတွက် ကျွန်မ အပြည့်အဝတာဝန်ယူပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက မိသားစုဆရာဝန်က ကျန်းမာရေးအတွက် မီဒရွန်းနိတ်ဆိုတဲ့ဆေးကို ပေးခဲ့တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရက်အနည်းငယ်ကမှ တင်းနစ်အဖွဲ့ချုပ်က ကျွန်မသောက်နေရတာ မယ်လ်ဒိုးနီးယန်းလို့ အခြားအမည်တစ်မျိုးရှိတဲ့ဆေးဆိုတာ အကြောင်းကြားခဲ့တာကြောင့် သိခဲ့ရတယ်"လို့ ရှာရာပိုဗာကဆိုခဲ့ပါတယ်။

ရှာရာပိုဗာရဲ့ရှေ့နေဖြစ်သူဂျွန်ဟက်ကာဒီကတော့ သူ့တို့အနေနဲ့ အခုလို ပြစ်ဒဏ်အတွက် တင်းနစ်အဖွဲ့ချုပ်နဲ့ ဆွေးနွေးစရာတွေရှိနေသေးတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဩစတြေးလျအိုးပင်းကွာတားဖိုင်နယ် ဆရီနာဝီလျံကို အရေးနိမ့်ခဲ့တဲ့ ပွဲအပြီး ကမ္ဘာလုံးဆိုင်ရာ ကစားသမားများ တားမြစ်ဆေးသုံးစွဲမှုတားဆီးရေး အေဂျင်စီ ( Wada) က ရှာရာပိုဗာအနေနဲ့ တားမြစ်ဆေးသုံးစွဲမှု ရှိ၊ မရှိဆိုတာကို စစ်ဆေးဖို့ သွေးနမူနာယူပြီး စစ်ဆေးခဲ့ကာ မတ် ၂ ရက်မှာတော့ မယ်လ်ဒိုးနီးယန်းသုံးစွဲထားမှုတွေ့ရှိကြောင်း အတည်ပြုခဲ့တာဖြစ်ပါတယ်။

ရှာရာပိုဗာက " ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၂၂ ရက်လောက်ကတည်းက တားမြစ်ဆေးစာရင်းမှာထည့်သွင်းမယ့် ဆေးအမျိုးအစားအသစ်တွေ ရှိတယ်ဆိုပြီး ကျွန်မဆီကို Wada ကပေးပို့တဲ့ အီးမေးလ်တစ်စောင်ရောက်လာပေမယ့် ဒီစာရင်းကို ကျွန်မဖွင့်မကြည့်ခဲ့မိဘူး"လို့ အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ရှင်းပြခဲ့ပါတယ်။

Wada က ချမှတ်ထားတဲ့ စည်းမျဉ်းအရဆိုရင်တော့ ရှာရာပိုဗာဟာ လေးနှစ်လောက်အထိ ကစားခွင့်ပိတ်ပင်ခံရဖို့ ရှိနေပါတယ်။ ဒါပေမယ့် ရှာရာပိုဗာအနေနဲ့ ဒီဆေးသုံးစွဲခဲ့တာဟာ နှစ်အတော်ကြာနေပြီဖြစ်တဲ့အတွက် ကုထုံးအသုံးပြုခြင်းကင်းလွတ်ခွင့် (TUE) ရယူပြီး လျှောက်လဲချက်ပေးနိုင်လိမ့်မယ်လို့ ဘီဘီစီသတင်းဌာနက ဖော်ပြခဲ့ပါတယ်။ ရှာရာပိုဗာရဲ့ နည်းပြဟောင်းဖြစ်တဲ့ တာရန်းဂိုးကတော့ "ကျွန်တော့်စိတ်ထင် သူနှစ်နှစ်လောက်တော့ တားမြစ်ပြစ်ဒဏ်ချမှတ်ခံရနိုင်ပေမယ့် တစ်နှစ် လောက်ပဲလည်း ဖြစ်ချင်ဖြစ်သွားပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ သူက နှလုံးရောဂါနဲ့ ဆီးချိုရောဂါတွေအတွက် ဒီဆေးကို မှီဝဲနေရတဲ့သူပါ။ ဒါကြောင့် သူ ကုထုံးအသုံးပြုခြင်းကင်းလွတ်ခွင့် (TUE) ယူပြီး လျှောက်လဲချက်ယူနိုင်ပါတယ်" လို့ ဆိုခဲ့ပါတယ်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်



## ပရီမီယာလိဂ်ချန်ပီယံပြိုင်ပွဲ မပြီးဆုံးသေးဟု ဝင်းဂါးယုံကြည်

အာဆင်နယ်အသင်းသည် ဦးဆောင်သူ လက်စတာအသင်းနှင့် ရမှတ်ရှစ်မှတ်အထိ ကွာဟနေပြီဖြစ်သော်လည်း ပရီမီယာလိဂ်ချန်ပီယံလုပွဲမှာ မပြီးဆုံးသေးကြောင်း သူ၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ ပရီမီယာလိဂ်ပွဲစဉ်များ ပြီးဆုံးရန် ကိုးပွဲသာ ကျန်ရှိချိန်တွင် အာဆင်နယ်အသင်းသည် ရမှတ် ၅၂ မှတ်သာရရှိထားပြီး နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ်သုံးပွဲတွင် ရမှတ်တစ်မှတ်သာ ရရှိခဲ့သည်။

ဝင်းဂါးက "ကျွန်တော်တို့ ချန်ပီယံဆုအတွက် အလွယ်တကူ အရှုံးပေးမှာမဟုတ်ပါဘူး။ အာဆင်နယ်က လက်စတာကို နှစ်ကျော့စလုံးအနိုင်ရရှိအောင်ကစားနိုင်ခဲ့တယ်။ ဒီလိုသာ အခြားအသင်းတွေက ကစားနိုင်ရင် ချန်ပီယံဆုက ပိုပြီး စိတ်ဝင်စားစရာကောင်းလာမှာပါ" ဟု ဆိုလိုက်သည်။

အာဆင်နယ်သည် ယခုထိဖလားသုံးလုံး (အက်ဖ်အေ၊ ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်)လမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေဆဲဖြစ်သော်လည်း ချန်ပီယံလိဂ်၌ အိမ်ကွင်းမှာပင် ဘာစီလိုနာအား နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သလို ပရီမီယာလိဂ်တွင်လည်း နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ခဲ့ကာ ချန်ပီယံလမ်းကြောင်းမှ အနည်းငယ်သွေဖည်ခဲ့ရသည်။

**မတ် ၁၀ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ**

**ချန်ပီယံလိဂ် (၁၆ သင်းအဆင့်၊ ဒုတိယကျော့)**

| | |
|---|---|
| ချယ်လ်ဆီး - ပီအက်စ်ဂျီ | နံနက်-၂း၁၅ |

**ပြင်သစ် လီဂူး ပွဲစဉ်-၂၇ (ပွဲကျန်)**

| | |
|---|---|
| အက်စ်တီယာ - နန့်တက်စ် | ည-၁၂း၀၀ |

**ပြင်သစ် လီဂူး ပွဲစဉ်-၂၈ (ပွဲကျန်)**

| | |
|---|---|
| ဂါဇီလက်စ် - မာဆေး | ည-၁၂း၀၀ |

(မောင်မောင်ဇော်)

## ဂျူဗင်တပ်၊ နာပိုလီတို့ နိုင်ပွဲရနိုင်မယ့်

### စီးရီးအေရာင်ခုန်သံ – ၂၉

***စီးရီးအေ ပွဲစဉ် ၂၉ ကို မတ် ၁၂၊ ၁၃၊ ၁၄ ရက်နေ့တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာ ယူရိုပါလိဂ်ကထွက်ခဲ့ရတဲ့ နာပိုလီတို့ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာနိုင်မယ့်အခြေအနေမှာရှိနေသလို အဝေးကွင်းပွဲစဉ်ကစားရမှာ ဖြစ်ပေမယ့်လည်း နိုင်ပွဲရယူနိုင်ဖို့ ရှိနေပါတယ်။ ဒါ့အပြင် ဂျူဗင်တပ်၊ ရိုးမား၊ အင်တာမီလန်တို့လို အသင်းကြီးတွေလည်း နိုင်ပွဲရယူသွားနိုင်မှာပါ။***

ရှိုင်းမင်းမင်း

**ဂျူဗင်တပ်- ဆာစူအိုလို နံနက် ၂း၁၅ (၁၂-၃-၁၆)**

ဂျူဗင်တပ်က ဒီပွဲပြီးရင် ဘိုင်ယန်နဲ့ ချန်ပီယံလိဂ် အဝေးကွင်းပွဲ ကစားဖို့ရှိနေတယ်။ ဒါပေမယ့်ဂျူဗင်တပ်က စီးရီးအေနောက်ဆုံးအိမ်ကွင်း ၁၀ ပွဲ ဆက်အနိုင်ရတဲ့အထိ ခြေစွမ်းကောင်းနေသလို ဂျူဗင်တပ်ခံစစ်ကလည်း စီးရီးအေ နောက်ဆုံး အိမ်ကွင်း ၅ ပွဲမှာပေးဂိုးမရှိအောင် ကစားနိုင်ခဲ့တယ်။ ဂျူဗင်တပ်တိုက်စစ်ကလည်းကစားအား ကောင်းမွန်မှုရှိတယ်။ ဆာစူအိုလိုက အဝေးကွင်းမှာ လာဇီယိုကို အနိုင်ရခဲ့ပေမယ့် ခြေသာမန်သာရှိတယ်။ ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း ဂျူဗင်တပ်ပဲ ကပ်နိုင်သွားနိုင်တယ်။

**အင်တာ-ဘိုလော့နာ နံနက် ၂း၁၅ (၁၃-၃-၁၆)**

နောက်ပိုင်း စီးရီးအေပွဲတွေမှာ အင်တာရဲ့ ရလဒ်ပိုင်းမတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ရှုံးအားမဆိုးဘူး။ ဒါပေမယ့် နောက်ပိုင်းပွဲတွေမှာ အင်တာမီလန်ရဲ့ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရတာကိုသတိပြုရမယ်။ ဘိုလော့နာကလည်း နောက်ဆုံး အဝေးကွင်းပွဲမှာပါလာမိုကို ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရပြီး ဘိုလော့နာ တိုက်စစ်ကလည်းအဝေးကွင်းမှာ အားနည်းတတ်တယ်။ အင်တာမီလန်ကသာ ကပ်ပြီး အနိုင်ရနိုင်တယ်။

**ချီယေဗို-အေစီမီလန် ည ၆း၀၀ (၁၃-၃-၁၆)**

ချီယေဗိုဟာ အသင်းလိုက်စုစည်းမှုကောင်းမွန်တဲ့အသင်းတွေကို အိမ်ကွင်းမှာလက်ခံကစားရတဲ့ပွဲတွေမှာ ရုန်းကန်ရတတ်တဲ့ အသင်းဖြစ်တယ်။ ဒါပေမယ့်ချီယေဗိုရဲ့ တိုက်စစ်ကတော့ ဂိုးသွင်းခြေမဆိုးဘူး။ အေစီမီလန်က အဝေးကွင်းမှာ အကောင်းဆုံးပုံစံရဖို့ ရုန်းကန်နေရပြီး တိုက်စစ်နဲ့ ခံစစ်ကလည်းသာမန်သာရှိတယ်။ အေစီမီလန် အနေနဲ့ ဥရောပဝင်ခွင့်ရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် သရေကျနိုင်တယ်။

**ဖီအိုရင်တီးနား-ဗီရိုနာ ည ၈း၃၀ (၁၃-၃-၁၆)**

ဖီအိုရင်တီးနားဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ နာပိုလီလိုအသင်းကို ခြေစွမ်းအသာနဲ့ရင်ဆိုင်ကစားနိုင်ခဲ့တဲ့ အသင်းဖြစ်တယ်။ နောက်ပိုင်းပွဲတွေမှာ ဖီအိုရင်တီးနား တိုက်စစ်ကအဆုံးသတ်ပိုင်းက အနည်းငယ် အားနည်းပေမယ့် ဗီရိုနာအသင်းခံစစ်ကလည်း စီးရီးအေနောက်ဆုံး အဝေးကွင်းနှစ်ပွဲမှာ ၇ ဂိုးပေးရတဲ့အထိ အားနည်းမှုရှိနေတာမို့ ဖီအိုရင်တီးနားတိုက်စစ်ကို ခက်ခက်ခဲခဲထိန်းချုပ်ရနိုင်တယ်။ တန်းမဆင်းရဖို့ရုန်းကန်နေပေမယ့် ဗီရိုနာဟာ တိုက်စစ်ပိုင်းမှာလည်း အားနည်းမှုရှိတယ်။ ဖီအိုရင်တီးနား အိမ်ကွင်းမှာ ဗီရိုနာကိုဖိအားပေးသွားနိုင်ဖို့ ရှိနေသလို နိုင်ပွဲလည်းရမှာပါ။

**အူဒီးနီးစ်-ရိုးမား ည ၈း၃၀ (၁၃-၃-၁၆)**

အူဒီးနီးစ်ဟာနောက်ဆုံး အိမ်ကွင်းပွဲမှာ ဗီရိုနာကို အနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်း အသာစီးရဖို့ ရုန်းကန်ခဲ့ရတယ်။ အူဒီးနီးစ်ရဲ့ တိုက်စစ်ကလည်းအသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့ အိမ်ကွင်းပွဲတွေမှာ ဂိုးသွင်းယူနိုင်ဖို့ ရုန်းကန်ခဲ့ရတယ်။ ရိုးမားက ဒီပွဲမတိုင်ခင် ရီးယဲလ်နဲ့ ချန်ပီယံလိဂ်အဝေးကွင်း ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်သလို ခံစစ်ကလည်း အဝေးကွင်းမှာ အနည်းငယ်အားနည်းမှုရှိပေမယ့် တိုက်စစ်ကတော့ ဂိုးသွင်းခြေရှိတာကြောင့် ရိုးမားပဲ အနိုင်ရမှာပါ။

**လာဇီယို-အတ္တလန္တာ နံနက် ၂း၁၅ (၁၄-၃-၁၆)**

ဥရောပဝင်ခွင့်မျှော်လင့်နေတဲ့ လာဇီယိုဟာ ဒီပွဲပြီးရင် ယူရိုပါလိဂ် ပွဲကစားဖို့ရှိပေမယ့် စီးရီးအေပြိုင်ပွဲမှာ အိမ်ကွင်းနိုင်ပွဲ ပြန်လည်ရရှိဖို့ အားစိုက်လာမှာဖြစ်ပြီး အသင်းလိုက်ခြေလည်းမဆိုးဘူး။ ဒါပေမယ့် လာဇီယိုရဲ့ တိုက်စစ်က အနည်းငယ်အားနည်းနေတာကို သတိပြုရမယ်။ ဒါပေမယ့် အတ္တလန္တာအသင်းကလည်းအဝေးကွင်းမှာ ရုန်းကန်နေရတဲ့အသင်းဖြစ်တယ်။ အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်တဲ့ လာဇီယိုကပ်နိုင်သွားဖို့များတယ်။

**ပါလာမို-နာပိုလီ နံနက် ၂း၁၅ (၁၄-၃-၁၆)**

တန်းဆင်းရဖို့နီးစပ်နေတဲ့ပါလာမိုဟာ နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို အိမ်ကွင်းမှာ ကစားပုံမဆိုးဘူးဆိုပေမယ့် ခံစစ်ကအားနည်းနေတာကြောင့် နောက်ဆုံးအိမ်ကွင်း သုံးပွဲဆက်နိုင်ပွဲမရှိခဲ့ဘူး။ ဒါကြောင့် နာပိုလီကိုခက်ခက်ခဲခဲရင်ဆိုင်ရမှာပါ။ နာပိုလီကအဝေးကွင်းမှာ နိုင်ပွဲပျောက်ဆုံးနေပေမယ့် ယူရိုပါလိဂ်ကထွက်ခဲ့ရပြီးတဲ့နောက် စီးရီးအေပြိုင်ပွဲအပေါ် ပိုမိုအာရုံစိုက်လာမှာကြောင့် ပါလာမိုကိုအခက်တွေ့စေမှာပါ။ အဝေးကွင်းပွဲစဉ်ဖြစ်ပေမယ့်နာပိုလီ နိုင်ပွဲရဖို့သေချာတယ်။

## ချောင်းကြီးရပ်ကွက်၌ကလေးဗဟိုပြုဓမ္မစကူး ဖွင့်လှစ်

**တနသ်ာရီ မတ် ၈**

တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြို့နယ် ဓမ္မစကူးဖြစ်မြောက်ရေးကော်မတီမှ ဦးစီးကျင်းပသည့် မြတ်ဗုဒ္ဓ၏အဆုံးအမများကို နှလုံးသားထဲ စွဲမြဲစေရန် အစဉ်မပြတ် လေ့ကျင့်ပျိုးထောင်ရင်းဖြင့် ယဉ်ကျေးလိမ္မာသော အမျိုးဘာသာနှင့် နိုင်ငံ့အပေါ် စောင့်သိတတ်သော ကလေးသူငယ်များပေါ်ထွန်းလာစေရေးရည်ရွယ်၍ အပတ်စဉ် တနင်္ဂနွေတိုင်း ဓမ္မစကူးဆင့်ပွားသင်တန်းဖွင့်လှစ်မည့်အစီအစဉ်အတိုင်း ဓမ္မစကူးဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ချောင်းကြီးကျောင်းတိုက် ဓမ္မဗိမာန်တော်အတွင်း မတ် ၅ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ဓမ္မစကူးသင်တန်းသို့ ကျောင်းသား ၇၈ ဦး၊ ကျောင်းသူ ၈၆ ဦး တက်ရောက်ကြပြီး ယင်းကျောင်းသူ၊ ကျောင်းသားများအတွက် ရပ်ကွက်အတွင်းမှ စေတနာရှင်ပြည်သူများက ထည့်ဝင်လှူဒါန်းငွေ ကျပ် ၂၁၆၇၀၀ နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးနိုင်-ဒေါ်စန္ဒာလင်းတို့မိသားစုမှ ဗလာစာအုပ် ၁၇ ဒါဇင်ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပေးကြပြီး အနောက်မော်တုန်းရွာ-ဓမ္မရက္ခိတကျောင်းတိုက်ဆရာတော် အရှင်ဇောတိကမှ ငါးပါးသီလချီးမြှင့်ပေးပြီး အနောက်မော်တုန်းရွာဆရာတော်နှင့် လုံးခရမ်းကျောင်းဆရာတော် အရှင်ဝရသာမိတို့က ဓမ္မစကူးဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ဩဝါဒမြွက်ကြားပေးတော်မူခဲ့ကြသည်။

ယင်းနောက် ဓမ္မစကူးဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမြက ဓမ္မစကူးအား တနင်္ဂနွေနေ့တိုင်းဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးပြီး ဦးစီးအရာရှိ ဦးနိုင်ဝင်းကျော်က သာသနာရေးဆိုင်ရာရှေ့လုပ်ငန်းစဉ်များကို လျှောက်ထားတင်ပြခဲ့သည်။

ဆက်လက်၍ ချောင်းကြီးရပ်ကွက် ဦးဦးမြသန်းက ဓမ္မစကူးလ်ဖွင့်လှစ်နိုင်ရေး လမ်းညွှန်ကူညီပေးကြသော ဆရာတော်များနှင့် ဓမ္မစကူးဖြစ်မြောက်ရေးကော်မတီဝင်များအပေါ် အထူးကျေးဇူးတင်ရှိကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ထိန်ဝင်း(ပြန်ဆက်)**

❒

## တာချီလိတ်မြို့ရှိ တိရစ္ဆာန်ရောဂါစစ်ဆေးရေးစခန်းနှင့် မွေးမြူရေးခြံများအား ကြည့်ရှုစစ်ဆေး



**တာချီလိတ် မတ် ၈**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် မွေးမြူရေးကဏ္ဍဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ လွယ်စီတုံကျေးရွာအနီးရှိ ဌာနပိုင် တိရစ္ဆာန်ရောဂါစစ်ဆေးရေးစခန်းနှင့် မွေးမြူရေးခြံတို့အား မတ် ၆ ရက် နံနက်က သွားရောက် ကြည့်ရှုခဲ့ပြီး ကျေးလက်နေပြည်သူများ ရာသီမရွေး စားဝတ်နေရေး ဖူလုံစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေသည့်အတွက် စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေး မှာကြားခဲ့သည်။

ယင်းနောက် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ မိမိတို့တာဝန်ကျရာမြို့နယ်များတွင် ဒေသရှိပြည်သူများ၏ လိုအင်ဆန္ဒများကို ဦးစားပေးအလိုက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အချက်အလက်များအပေါ် သုံးသပ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ နှစ်စဉ်စီမံကိန်းလျာထားချက်များဖြင့် ဆောင်ရွက်ရန်၊ ဌာနဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိကာ ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ငန်းများဆောင်ရွက်ရန်၊ တာဝန်သိ၊ တာဝန်ယူလိုစိတ်များဖြင့် တရားမျှတစွာ ဆောင်ရွက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနလုပ်ငန်းများအား တက်ညီလက်ညီ ကြိုးစားဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်လှစ်

**မြင်းခြံ မတ် ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ကျေးရွာအုပ်စု မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ဝန်ကြီး ဦးကျော်မြင့်နှင့် ဝန်ကြီး ဦးအောင်ဇံတို့က အမှာစကားအသီးသီး ပြောကြားခဲ့သည်။

ဆက်လက်၍ ရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာအုပ်စု မီးလင်းရေးကော်မတီဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းတို့လည်း တက်ရောက်ခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## အယ်နီညိုရာသီဥတုကြောင့်ဖြစ်လာနိုင်သည့် အကျိုးဆက်များနှင့် ကြိုတင်ကာကွယ်မှု နည်းလမ်းများ ညှိနှိုင်းဆွေးနွေး

**ဖာပွန် မတ် ၈**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များနှင့် ကြိုတင်ကာကွယ်မှုနည်းလမ်းများတွင် စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အိမ်မွေးတိရစ္ဆာန်များ၏ ကျန်းမာရေးကဏ္ဍ၊ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးကဏ္ဍ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ညှိနှိုင်းဆွေးနွေးခြင်းကို မတ် ၄ ရက် နံနက်ပိုင်းက ယွန်စလင်းအစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများကို ကဏ္ဍအလိုက် ရှင်းလင်းကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစောလှကြည်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ပွင့်တို့က စိုက်ပျိုးသီးနှံများနှင့် အိမ်မွေးတိရစ္ဆာန်များ၏ ကျန်းမာရေးကဏ္ဍကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေဝင်းက အပူဒဏ်ကာကွယ်နည်း နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်သူရက ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း၊ သစ်တောဦးစီးဌာနမှူး ဦးအောင်ဇော်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်ဖြိုးတို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးဘေးအန္တရာယ်များ ကြိုတင်တားဆီးရေးဆိုင်ရာများအားလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ တက်ရောက်ကြပြီး အယ်နီညိုရာသီဥတုကြောင့် အကျိုးဆက်များနှင့် ကြိုတင်ကာကွယ်မှုနည်းလမ်းများအား အကြံပြုဆွေးနွေးသုံးသပ်ခဲ့ကြကာ ကျေးရွာများထိ ကဏ္ဍအလိုက် ကွင်းဆင်းပညာပေးခြင်းနှင့် ကြိုတင်စီမံမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းစိုးမြင့်**

## နွားထိုးကြီးတွင် နွေရာသီအားကစားသင်တန်းများကို အခမဲ့ဖွင့်လှစ်မည်

**နွားထိုးကြီး မတ် ၈**

နွားထိုးကြီးတွင် နွေရာသီအားကစားသင်တန်းများကို အခမဲ့ဖွင့်လှစ်မည်ဖြစ်ရာ မြို့နယ်အား/ကာဦးစီးဌာနက မြို့တွင်းရှိ အားကစားဝါသနာရှင်များကို လှည့်လည်ဖိတ်ခေါ်နေကြောင်း သိရသည်။ နွေရာသီအားကစားသင်တန်းကို ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းအခြေခံအားကစားသင်တန်းကို နံနက် ၇ နာရီမှ ၉ နာရီထိ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။ နွားထိုးကြီးတွင် မိုးလုံလေလုံအာကစားခန်းမနှင့် ခေတ်မီအားကစားကွင်းရှိနေပြီး မျိုးဆက်သစ်အားကစားသမားကောင်းများကို မြို့နယ်ကိုယ်စားပြု မွေးထုတ်မည်ဟု သိရသည်။ **ခင်ဇာမွန်မြင့်**

## အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းဝင်းအတွင်း၌ ကျောင်းသူအိပ်ဆောင်သစ် ဆောက်လုပ်ပြီးစီး



**ပခုက္ကူ မတ် ၈**

နယ်စပ်ဒေသရှိ တိုင်းရင်းသူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် တက္ကသိုလ်ပညာရပ်များကို အဆင်ပြေချောမွေ့စွာ ဆက်လက်သင်ကြားနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူး၍ ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းဝင်းအတွင်း၌ နှစ်ထပ်အဆောက်အအုံ ကျောင်းသူအိပ်ဆောင်သစ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်အဆောက်အအုံ ကျောင်းသူအိပ်ဆောင်သစ်ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အခြေခံပညာအထက်တန်းကျောင်း အောင်မြင်ပြီး အင်ဂျင်နီယာပညာ၊ သူနာပြု (သွားဖွား)သင်တန်း၊ ပညာရေးကောလိပ်ကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိကြသော ချင်းပြည်နယ်တောင်ပိုင်းမှ တိုင်းရင်းသူများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ပညာရပ်များကို အဆင်ပြေချောမွေ့စွာ ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အိပ်ဆောင်သစ်တွင် အဆောင်နေအဆောင်စားကျောင်းသူ ၆၀ ဦးနီးပါး စတင်လက်ခံသွားမည်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ပိုမိုထားရှိလက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဆောက်အအုံသည် အလျား၁၄၂ပေ၊ အနံ ပေ ၄၀၊ အမြင့် ၂၄ ပေ၊ ရေချိုးခန်း အိမ်သာတွဲလျက် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၂၄ ပေရှိသည်။ **ဆလိုင်းကိုကီ**

## ဝက်လက်၌ သဘာဝပိုးသတ်ဆေးပြုလုပ်နည်း တောင်သူများအား ကွင်းဆင်းသရုပ်ပြသ

**ဝက်လက် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးနှင့် နွေသီးနှံများ ဘက်စုံပိုးမွှားရောဂါများကို သဘာဝနည်းဖြင့် ကာကွယ်နှိမ်နင်းနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းကို မတ် ၄ ရက် မွန်းလွဲ ၂ နာရီက မြို့မစခန်းနယ်မြေရှိ အကျိုးဆောင် တောင်သူဦးခင်အောင်၏နေအိမ်၌ လက်တွေ့ကွင်းဆင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။

ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် သဘာဝပစ္စည်းများဖြစ်သော ချင်း၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ဆင်တုံးမနွယ်၊ တမာရွက်၊ တင်လဲရည်၊ ဆေးရွက်ကြီး၊ ဒုတ္ထာ စသည့်ပစ္စည်းကိုးမျိုးကို အချိုးအတိုင်းရောစပ်၍ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်ဦးနှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြသရာ ဝက်လက်မြို့မစခန်းနယ်မြေအတွင်းရှိ တောင်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

ဆောင်းပါး

# ကမ္ဘာမြေကြီးကို ကာကွယ်စောင့်ရှောက်ကြပါစို့



à ဖေထွက်ဇော် (ရေစကြို)

> “သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ တစ်နေ့တစ်ခြား တိုးပွားပျက်စီးလာနေမှုများကို အလျင်မြန်ဆုံးနှင့် ထိရောက်စွာကာကွယ်ရန်မှာ သစ်တောသစ်ပင်များကို . . . . .”

ကျွန်ုပ်တို့နေထိုင်ရာ မြေကမ္ဘာတွင် သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုများကို ယခုအခါ ကမ္ဘာ့လူသားအားလုံးနှင့် သက်ရှိသတ္တဝါများ အပြင်းအထန်ရင်ဆိုင်နေကြရသည်။ နောင်နှစ်ပေါင်းများစွာကာလတွင် ကမ္ဘာကြီးပျက်စီးသွားသယောင်ပင် ထင်မှတ်ရသည်။ ထို့ကြောင့် ကမ္ဘာမြေကြီး မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရန် အထူးပင်လိုအပ်လာသည်။

ကမ္ဘာပေါ်ရှိလူသားအားလုံးနှင့်အတူ သက်ရှိများကို ကာကွယ်ထိန်းသိမ်းရန်အတွက် အခြေအမြစ်ခိုင်လုံပြီး တိကျသောဆောင်ရွက်ချက်များကို အလျင်အမြန်ဆောင်ရွက်ခြင်းမရှိပါက သက်ရှိတို့၏ အသက်ရှင်ရပ်တည်နိုင်မှုကို ထောက်ပံ့ပေးနေသော သဘာဝဂေဟစနစ်များ ပြိုလဲပျက်စီးသွားဖွယ်ရှိသည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအောက်ရှိ အဖွဲ့အစည်းနှစ်ခု၏ ဇီဝမျိုးကွဲများနှင့်ဆိုင်သော သတင်းပေးပို့ချက်များတွင် ဆိုထားပါသည်။

ထို့အတူ ဇီဝမျိုးကွဲများ အစုလိုက်အပြုံလိုက် ဆုံးရှုံးမှုများ ပိုမိုများပြားလာဖွယ်ရှိနေပြီး ဂေဟစနစ်များမှ လူသားများအတွက် အကျိုးပြုမှုနည်းပါးလာမည်ဖြစ်ရာ ယခင်မူလအတိုင်း ပြန်လည်ဖြစ်ထွန်းနိုင်ရေးမှာ ဖြစ်နိုင်ခြေနည်းပါးသွားသည့်အတွက် လူသားများအား အထောက်အကူပြုနေသည့် သဘာဝ၏လုပ်ငန်းများလည်း လျော့နည်းလာမည်ဖြစ်သည်ဟု ဇီဝမျိုးကွဲကို လေ့လာနေသူများက ဆိုပါသည်။

အဆိုပါဇီဝမျိုးကွဲများ ပျက်သုဉ်းရခြင်းအကြောင်းရင်းကို လေ့လာကြည့်ပါက တောင်အမေရိကရှိ အမေဇုန်သစ်တောများမှာ ရာသီဥတုပြောင်းလဲမှု၊ သစ်တောများ ပြုန်းတီးမှုနှင့် တောမီးလောင်မှုတို့ကြောင့် သစ်တောဧရိယာအများအပြား ပျက်စီးခြင်း၏ အကျိုးဆက်အနေဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် ဒေသဆိုင်ရာ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲသွားကာ ဇီဝမျိုးစုံများလည်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည်ဟု သုတေသီများကလည်း ထောက်ပြထားသည်။

ဤသို့သော မြေကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ တစ်နေ့တခြား တိုးပွားပျက်စီးလာနေမှုများကို အလျင်မြန်ဆုံးနှင့် ထိရောက်စွာ ကာကွယ်ရန်မှာ သစ်တော သစ်ပင်များကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းများကို အလျင်အမြန်ဆောင်ရွက်ရန် အထူးလိုအပ်လာပြီဖြစ်သည်။

ထိုကဲ့သို့ သစ်တောများအတိုင်းအဆမရှိ လွန်ကဲစွာပြုန်းတီးပျောက်ကွယ်လျက်ရှိနေမှုများကို ကာကွယ်နိုင်ရန်နည်းလမ်းတစ်ခုမှာ ကလေးများသစ်တောအစီအစဉ်ကို ဆောင်ရွက်ရန်ဖြစ်သည်။

ကလေးများ သစ်တောအစီအစဉ်ကို စတင်ဆောင်ရွက်သည့် အဖွဲ့အစည်းမှာ OISCA International အဖွဲ့ဖြစ်သည်။ ၎င်းအဖွဲ့သည် ၁၉၆၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ စတင်တည်ထောင်ခဲ့ပြီး နေရာဒေသအသီးသီး၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၎င်းအဖွဲ့၏ ရည်ရွယ်ချက်မှာ မိမိနိုင်ငံ၊ မိမိမြို့ရွာ၊ ဖွံ့ဖြိုးရေးအတွက် လူငယ်မောင်မယ်များအား ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် သင်တန်းများပို့ချခြင်းဖြစ်သည်။ ကလေးများ၏သစ်တော အစီအစဉ်ကို ၁၉၉၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည်။ ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပြီး ၂၀၀၁ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ ရေစကြိုမြို့နယ်အတွင်း စာသင်ကျောင်းပေါင်း ၆၀ တွင် လေ့လာသင်ကြားပို့ချပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ OISCA လယ်ယာသစ်တော စိုက်ပျိုးရေးသင်တန်းကျောင်းကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးဒေသတွင် ၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

OISCA International ၏ ကလေးများသစ်တောအစီအစဉ်ဦးတည်ချက်မှာ မိမိမွေးဖွားကြီးပြင်းရာ မွေးရပ်မြေ (Furusato) ၏ သစ်ပင်သစ်တောများကို ထိန်းသိမ်းတတ်ရန်နှင့် လူသားအတွက်သာမဟုတ်ဘဲ သက်ရှိအရာအားလုံး (သစ်ပင်၊ သက်ရှိသတ္တဝါ) များကို ထိန်းသိမ်းစောင့်ရှောက်တတ်သောစိတ်ဓာတ်များ မွေးမြူတတ်စေရန်ဖြစ်ပြီး ထိုသို့သော စိတ်ဓာတ်ကို မွေးမြူရင်း မိမိဒေသဖွံ့ဖြိုးမှု ရေရှည်တည်တံ့ရေးအတွက် မိမိစိတ်နှလုံးသားထဲတွင် ထည့်သွင်းတတ်ရန် ရည်ရွယ်ချက်ဖြင့် ကလေးများသစ်တော အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ပြီး ကျောင်းဝင်းအတွင်းတွင် သေးငယ်သော သစ်တောလေးများကို ကလေးများကိုယ်တိုင် စိုက်ပျိုးထူထောင်စေခြင်းဖြစ်သည်။

ဤအစီအစဉ်တွင် ကလေးများကိုယ်တိုင် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး ပတ်ဝန်းကျင်အကြောင်း ရှင်းလင်းပြောပြခြင်း၊ သစ်တောငယ်လေးများကို လက်တွေ့စိုက်ပျိုးထူထောင်ခြင်းအားဖြင့် ကလေးငယ်လေးများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိကို တဖြည်းဖြည်းသွင်းပေးခြင်းဖြစ်သဖြင့် မိမိကျောင်းဝင်းကျင်တွင်သာမကဘဲ မိမိဒေသ၊ မိမိနေထိုင်ရာပတ်ဝန်းကျင်၌လည်း သစ်တောများထူထောင်စေလို၍ ကလေးများသစ်တောအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ ဤအစီအစဉ်ကို ဆောင်ရွက်ရာတွင် ကလေးများက အဓိကအခန်းကဏ္ဍမှပါဝင်သော်လည်း ဆရာ၊ ဆရာမများကလည်း ကလေးများနှင့်အတူ ဦးဆောင်၍ ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကလေးငယ်များသည် နောင်အနာဂတ်တွင် မိမိနေထိုင်ရာဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက်နိုင်ဖြစ်သည်။

Love Furusato Work Camp အစီအစဉ်မှာ ကလေးများသည် မိမိတို့မှီခိုနေထိုင်ရာ အမိကမ္ဘာမြေကြီးကို ပိုမိုချစ်ခင်မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများတွင် တတိယတန်းမှ သတ္တမတန်းအထိကျောင်းသား၊ ကျောင်းသူများကို OISCA လယ်ယာသစ်တောစိုက်ပျိုးရေးသင်တန်းကျောင်းသို့ ခေါ်ယူ၍ Love Furusato Work Camp (မွေးရပ်မြေကို ချစ်ခင်ကြပါစို့) သင်တန်းကို တစ်ကြိမ်လျှင် စာသင်ကျောင်းပေါင်း ၂၀ မှ ကျောင်းသား ကျောင်းသူ ၄၀ ရွေးချယ်ကာ သင်တန်းကာလ ၁၀ ရက်ဖြင့် သင်တန်းပို့ချပေးခြင်း ဖြစ်သည်။

ယင်းသင်တန်းတွင် ကလေးများအား သစ်တောထဲတွင် ကစားနည်းဖြင့် ပတ်ဝန်းကျင်ကိုလေ့လာစေခြင်း၊ ဓာတုလွတ်စိုက်ပျိုးရေးကို လေ့လာစေခြင်း ကြက်၊ ငုံး၊ ဝက်မွေးမြူရေးကို လေ့လာစေခြင်းဖြင့် သင်တန်းကို စတင်သည်။ Furusato သော စကားလုံးသည် ဂျပန်ဘာသာစကားလုံးဖြစ်ပြီး မွေးရပ်မြေဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မွေးရပ်မြေဟုဆိုရာတွင် အမိကမ္ဘာမြေကို ဆိုလိုခြင်းဖြစ်သည်။ အကြောင်းရင်းမှာ -

- ကျွန်တော်၏ မွေးရပ်မြေသည် ပခန်းကြီးဖြစ်ပါသည်။
- ပခန်းကြီးသည် ရေစကြိုမြို့နယ်တွင်တည်ရှိပါသည်။
- ထို့ကြောင့် ရေစကြိုမြို့နယ်သည် ကျွန်တော်၏ မွေးရပ်မြေ (Furusato) ဖြစ်သည်။
- ရေစကြိုမြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။
- ထို့ကြောင့် မကွေးတိုင်းဒေသကြီးသည် ကျွန်တော်၏ မွေးရပ်မြေ (Furusato) ဖြစ်သည်။
- မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် တည်ရှိသည်။
- ထို့ကြောင့် မြန်မာနိုင်ငံသည် ကျွန်တော်၏ မွေးရပ်မြေ (Furusato) ဖြစ်သည်။
- မြန်မာနိုင်ငံသည် အာရှတိုက်တွင်တည်ရှိပါသည်။
- ထို့ကြောင့် အာရှတိုက်သည် ကျွန်တော်၏မွေးရပ်မြေ (Furusato) ဖြစ်ပါသည်။
- အာရှတိုက်သည် ကမ္ဘာမြေပေါ်တွင်တည်ရှိပါသည်။
- ထို့ကြောင့် ကမ္ဘာမြေကြီးသည် ကျွန်တော်၏ မွေးရပ်မြေ (Furusato) ဖြစ်ပါသည်။

ထို့ကြောင့် မွေးရပ်မြေ (Furusato) ဟုဆိုရာတွင် မိမိမွေးဖွားကြီးပြင်းရာ မြို့သာမဟုတ်ဘဲ၊ ကိုယ်မွေးဖွားရာ ရပ်ရွာတည်ရှိရာ ကမ္ဘာမြေကြီးသည် မိမိတို့၏ မွေးရပ်မြေ (Furusato) ဖြစ်သည်။ နယ်နိမိတ်များကို လူကခွဲခြားသတ်မှတ်ခြင်းသာဖြစ်ပြီး ကမ္ဘာပေါ်တွင်ရှိသော သက်ရှိသက်မဲ့ လူသတ္တဝါ၊ အပင်များ၊ ရေ၊ လေ၊ မြေတို့သည် မိမိတို့မွေးရပ်မြေ (Furusato) ၏အရာများသာဖြစ်သည်။

ဂျပန်နိုင်ငံတွင် လှပစွာဖူးပွင့်နေသော ချယ်ရီပန်းများသည် မွေးရပ်မြေ (Furusato) ကိုအလှဆင်နေသော ပန်းကလေးများဖြစ်သည်။ ဟိမဝန္တာရှိ တောင်ကြီးများသည်။ မွေးရပ်မြေ (Furusato) ၏ ရေချိုသိုလှောင်ပေးသည့် တောင်ကြီးများဖြစ်သည်။ ထို့အတူ တရုတ်ပြည်မှ ပန်ဒါဝက်ဝံများ၊ အာဖရိကလွင်ပြင်ရှိ တောရိုင်းတိရစ္ဆာန်မျိုးစုံတို့သည် မွေးရပ်မြေ (Furusato) ၏ ရတနာများဖြစ်ကြသည်။ အမေဇုန်သစ်တောကြီးသည် မွေးရပ်မြေ (Furusato) တွင် နေထိုင်ကြသော သက်ရှိသတ္တဝါအားလုံး အသက်ရှင်နိုင်ရန် အောက်ဆီဂျင်ကိုထုတ်ပေးသော တန်ဖိုးဖြတ်၍မရနိုင်သည့် အသက်ဆက်အပင်များဖြစ် သည်။ ယခုရာစုတွင် မွေးရပ်မြေ (Furusato) ယိုယွင်းပျက်စီးလျက်ရှိသည်။ သစ်တောများပြုန်းတီး၊ သက်ရှိဇီဝမျိုးစိတ်များမျိုးတုံး၊ ရေခဲတောင်များ အရည်ပျော် စသည့်ပြဿနာပေါင်းများစွာ ကြုံတွေ့နေရသည်။ ထိုပြဿနာများကို ဖြေရှင်းရန် လူသားအားလုံးတွင် တာဝန်ရှိပါသည်။

ထို့ကြောင့် နောင်အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာကြမည့် ယခုကလေးငယ်များအား ငယ်ရွယ်စဉ်အချိန်မှစ၍ မွေးရပ်မြေ (Furusato) ကို ချစ်ခင်မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်တတ်သော စိတ်များ မွေးဖွားလာစေရန်ရည်ရွယ်၍ သင်တန်းပို့ချသော Love Furusato Work Camp (ကလေးများသစ်တောအစီအစဉ်) သည် မွေးရပ်မြေ (Furusato) ရေရှည်တည်တံ့ခိုင်မြဲရေးတွင် အရေးပါသည့် အစီအစဉ် တစ်ခုဖြစ်ရာ ကျွန်တော်တို့နိုင်ငံအတွင်းရှိ စာသင်ကျောင်းများအားလုံးတွင် အတုယူလေ့ကျင့်သင်ကြားပေးခြင်းဖြင့် အမိကမ္ဘာမြေကိုကာကွယ်စောင့်ရှောက်ကြပါစို့ဟု နှိုးဆော်ရေးသားအပ်ပါသည်။



# ပြည်သူ့အသံ

## "ရေစီးရေလာမကောင်း၍ကျန်းမာရေးထိခိုက်"

ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် မြောက်ပိုင်းလမ်းဆုံမီးပွိုင့်အနီးရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၆) ရပ်ကွက် ဘုရင့်နောင် လမ်း၀/ယာရှိ နေအိမ်များတွင် ရေစီးရေလာကောင်းမွန်ခြင်းမရှိသဖြင့် သန့်ရှင်းမှု မရှိတော့ဘဲ ကျန်းမာရေးထိခိုက်လာနိုင်ပါသည်။

အဆိုပါ လမ်း၀/ယာရှိ နေအိမ်များတွင် နေအိမ်ရှေ့၌ ရေမြောင်းများ တူညီစွာပြုလုပ်မှုမရှိခြင်း၊ အချို့နေအိမ်များသည် နောက်ဖေးလမ်းကြား မြေနေရာတွင် ကျူးကျော်ပြီးမိလ္လာကန်များ ဆောက်လုပ်ထားခြင်းတို့ကြောင့် ရေဆိုးများမှာ စီးဆင်းမှုမရှိတော့ဘဲ နေအိမ်များအတွင်းသို့ ၀င်ရောက်လျက်ရှိရာ သန့်ရှင်းမှုမရှိတော့ဘဲ ခြင်များပေါက်ဖွားပြီး ရေရှည်တွင် ကျန်းမာရေးထိခိုက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံးကွင်းဆင်းစစ်ဆေးပြီး လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(လမ်းသူ/လမ်းသားများ)**

## ပဲခူးမြို့ပေါ်ရှိရပ်ကွက်တချို့မီးသတ်ယာဉ်ဝင်ထွက်ခက်ခဲမှုကြောင့်မြို့ခံများမီးဘေးစိုးရိမ်နေ

ပဲခူးမြို့ပေါ်ရှိရပ်ကွက်များအနက် မဇင်းရပ်ကွက်၊ ကျွန်းသာယာရပ်ကွက်အတွင်းတချို့သောလမ်းများမှာ အလွန်ကျဉ်းနေပြီး မီးသတ်ယာဉ်သွားလာ၀င်ထွက်လို့မရအောင်ပင် ဖြစ်နေသဖြင့် ရပ်ကွက်နေပြည်သူများ မီးဘေးစိုးရိမ်မှုရှိနေကြကြောင်းသိရသည်။

နီလာ(၂) လမ်းကွေ့ဖြတ်လမ်းလယ်တွင် ဘယ်လိုမှ မီးသတ်ယာဉ်၀င်မရပါဘူး။ အဲဒီလိုလမ်းမျိုးတွေကို နွေရာသီမပြင်းခြောက်သွေ့ ချိန်ရောက်ရှိလာပြီဖြစ်လို့ သက်ဆိုင်ရာများက လိုက်လံစစ်ဆေးကြိုတင်ဆောင်ရွက် ပေးစေလိုပါတယ်။ ယခုနှစ်ကနေရာအနှံ့ မီးလောင်တဲ့အသံတွေကြားနေတော့ မီးသတ်ယာဉ်၀င်/ထွက်ကောင်း အောင်လုပ်ထားသင့်ပါတယ်လို့ ယင်းရပ်ကွက်နေသူပြည်သူများက ဆို၏။

**(၅၈၇)**

## ကားဘော်ဒီထုသံနှင့်ကားဆေးသုတ်လုပ်ငန်းဖယ်ရှားရှင်းလင်းပြီး

(၁၇-၂-၂၀၁၆)ရက်ထုတ် ကြေးမုံသတင်းစာပါ မတ္တရာမြို့ မိုးကုတ်လမ်းမကြီးဘေးရှိ အောင်ကံသာရပ် နတ်စင်အနီးတွင် ရွှေမန္တလေး ကားဆေးသုတ်နှင့် ကားဘော်ဒီရုံလုပ်ငန်းအား ဖယ်ရှားပေးရန်ကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

**(မတ္တရာမြို့နယ်စည်ပင်)**

## ကျူးကျော်ဈေးကြီးဖြစ်နေ၍လမ်းပိတ်ဆို့

ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၉) ရပ်ကွက်ရှိ ယခင်ဈေး၀င်းနေရာတွင် ဈေးသည်များ၊ သားစိမ်းငါးစိမ်းသည်များလုံး၀ရောင်းချခြင်းမရှိတော့ဘဲ လူနေရပ်ကွက်မာလာမြိုင်လမ်းတစ်လျှောက် လူနေဆိုင်ခန်းများ ကတ္တရာလမ်းပေါ် အခိုင်အမာ ပေကျော်ဆောက်လုပ်၍ မျက်နှာချင်းဆိုင်ရောင်းချခြင်း၊ လူနေအိမ်ခန်းများ ငှားရမ်းထားခြင်းကြောင့် စည်ပင်လမ်းမမှလည်းကောင်း၊ မောင်းမကန်လမ်းမမှလည်းကောင်း ထွက်ပေါက်လုံး၀ပိတ်နေကာ သာရေး၊ နာရေးယာဉ်များ၊ ကျောင်းကားများ၊ မီးသတ်ယာဉ်များ လုံး၀၀င်ထွက်၍ မရတော့ပါ။ မာလာမြိုင် ၁၊ ၂၊ ၃ လမ်းထိပ်တွင်လည်း ဂါလီများ၊ ဆိုက်ကားများ၊ ခုံများပိတ်ဆို့နေခြင်းတို့ကြောင့် မီးဘေးအန္တရာယ် လွန်စွာစိုးရိမ်နေရပါသည်။ ထို့ကြောင့် (၁၉)ရပ်ကွက်ဈေးအား စနစ်တကျဖြစ်အောင် တာ၀န်ရှိသူများမှ အမြန်ဆုံးစစ်ဆေးဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်သည်။

**(မီးဘေးစိုးရိမ်သူ)**

## အညစ်အကြေးကြောင့်အနံ့ဆိုးမခံနိုင်

အင်းစိန်မြို့ နံ့သာကုန်းရပ်ကွက် အဝေရာလမ်း လမ်းသွယ်(၇)အတွင်း ငါးလုပ်ငန်းလုပ်ကိုင်နေ၍ ယင်းလုပ်ငန်းမှ ထွက်လာသော အညစ်အကြေးများမှတစ်ဆင့်ဖြစ်ပေါ်လာသော အနံ့ဆိုးများကြောင့် ပတ်၀န်းကျင်ရှိပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ထိရောက်စွာ ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူများ)**

## ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (ဝက်ပါ) ရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ




**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဝက်ပါ) ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (ဝက်ပါ) မှ ရင်သွေးငယ်များ၏ (၃၂)ကြိမ်မြောက် ဉာဏစွမ်းရည်ပြိုင်ပွဲကို အဆိုပါ ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက အမှာစကားပြောကြားသည်။ ရင်သွေးငယ်များက တေးသီချင်း၊ တေးသရုပ်ဖော်၊ အငြိမ့်အကများဖြင့် ဖျော်ဖြေယှဉ်ပြိုင်သီဆိုခဲ့ကြပြီး ဆုရရင်သွေးငယ်လေးများအား ကျောင်းဥက္ကဋ္ဌ ဒေါ်ညွှန့်ညွှန့်ခင်နှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

**အေးသန်း (စိန်တုံးကြီး)**

## စက်ရေတွင်းတူးဖော်လှူဒါန်း




**ကျောက်တန်း မတ် ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ (FRIENDS FOREVER) ပရဟိတအဖွဲ့မှ ကိုရန်ပိုင်ရွှေနှင့် ကိုသော်မင်းပိုင်တို့ ဦးဆောင်၍ လူငယ်များက ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၄)ရပ်ကွက် မြကျွန်းသာလမ်းနေ ရေအခက်အခဲနှင့် ကြုံတွေ့နေကြသော ပြည်သူများအားငွေကျပ် ခုနစ်သိန်း မတည်လှူဒါန်းကာ ရပ်ကွက် ပြည်သူများနှင့် ပူးပေါင်း၍ နှစ်လက်မ စက်ရေတွင်းတစ်တွင်းကို မတ် ၆ ရက်က အပြီးသတ်တူးဖော်လှူဒါန်းပေးခဲ့ကြသည်။

**အောင်ဆွေ(ရွှေတံတား)**

## မြဝတီခရိုင် စုကလိမြို့၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်

**စုကလိ မတ် ၈**

ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့၌ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာပြီး လူမှုစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ မြဝတီခရိုင် လျှပ်စစ်ဌာနမှ ဦးတင်ဆိုင်ဦး အဖွဲ့ဦးဆောင်ပြီး BME ကုမ္ပဏီမှ ဦးမျိုးမင်းသိန်း(အင်/ယာ)၊ ဦးအောင်မြင့်သူ (အင်/ယာ)တို့နှင့် JICA အဖွဲ့မှ Mr.NIO TADASHI နှင့် Mr.SATO Musataka တို့သည် မတ်လ ၆ ရက်တွင် စုကလိမြို့သို့ ရောက်ရှိခဲ့သည်။

ယင်းနောက် စုကလိမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် စုကလိမြို့ လျှပ်စစ်ဌာနမှ ဦးထင်အောင်ကျော်တို့သည် ၎င်းတို့အဖွဲ့နှင့်အတူ စုကလိမြို့ လျှပ်စစ်ဌာနရှိ ဓာတ်အားပေးစက်ရုံသို့ သွားရောက်ခဲ့ပြီး ဓာတ်အားပေးစက်ရုံထားရှိမှုနှင့် ဓာတ်အားလိုင်းသွယ်တန်းမှုစနစ်အား စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စုကလိမြို့အနေဖြင့် လျှပ်စစ်မီးရရှိလာမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာကာ လူမှုစီးပွားဘ၀များ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်တွင် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မတ် ၈**

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်တွင် ပြည်သူများ စာဖတ်ရှိန်မြင့်မားစေရန်နှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပခဲ့သည်။

စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အောင်မြေသာစံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ မှ ဖွင့်လှစ်ထားရှိသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ ဘုန်းတော်ကြီးကျောင်းများမှ ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာ စိတ်ပါဝင်စားသူများ တက်ရောက်ကာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## မန်းရွှေစက်တော်ရာဘုရားဖူးများ ကျန်းမာရေးညီညွတ်မှုရှိစေရန်အတွက် စောင့်ရှောက်မှုပေး

**မင်းဘူး မတ် ၈**

မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တည်းခိုနေထိုင်စားသောက်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်နိုင်ရန်အတွက် မင်းဘူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေ့စဉ်စောင့်ရှောက်မှုပေးနေကြောင်း သိရသည်။

ဘုရားပွဲတော်ကျင်းပရာ ပရိဝုဏ်အတွင်း တည်ခင်းရောင်းချလျက်ရှိသည့် စားသောက်ဆိုင်များ၊ သား၊ ငါးတန်းများ၊ ဈေးဆိုင်ခန်းများနှင့် ရေလောင်းအိမ်သာများအား မင်းဘူးမြို့နယ် ကျန်းမာရေးမှူး ဦးအောင်သူဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ပွဲတော်ကွင်းအတွင်း အပိုင်းလိုက် နေ့စဉ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိရာ ဈေးဆိုင်တန်းများနှင့် သား၊ ငါးတန်းများ သန့်ရှင်းသပ်ရပ် လတ်ဆတ်မှုနှင့် ကျန်းမာရေးညီညွတ်မှု ရှိ မရှိ စွန့်ပစ်အမှိုက်များ စည်းကမ်းတကျ စွန့်ပစ်ရန် လိုက်နာမှုရှိ-မရှိ၊ ရေလောင်းအိမ်သာများ သန့်ရှင်းမှုနှင့် သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာမှုရှိ-မရှိ အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို သတိပေးမှာကြားပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ရိုးရာအလှူပွဲ မဏ္ဍပ်ဆင် အငှားလိုက်သူများ လုပ်ငန်းအဆင်ပြေ

**မန္တလေး မတ် ၈**

မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရှေးခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းကာ ရှင်ပြုနားသအလှူမင်္ဂလာပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ အဆိုပါပွဲများတွင် မြန်မာ့ရိုးရာလက်မှုပညာဖြင့်ပြုလုပ်သော အလှူမင်္ဂလာမဏ္ဍပ်သည် ခမ်းနားထည်ဝါစွာဖြင့် အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ်တည်ရှိနေသည်။ မြန်မာလူမျိုးများ ဓလေ့ထုံးစံအရ သားယောက်ျားလေးမွေးဖွားပြီးနောက် မဏ္ဍပ်ကြီးထိုး၊ အလှူကြီးပေး၊ လာသမျှည့်သည့် ပရိသတ်အပေါင်းကို ကျွေးချင်မွေးချင်သည်မှာ မြန်မာ့ရိုးရာ ချစ်စရာဓလေ့တစ်ခုဖြစ်သည်။ ယင်းဓလေ့ကြောင့်ပင် မန္တလေးမြို့၌ ရှင်ပြုနားသအလှူမင်္ဂလာပွဲများ များပြားလျက်ရှိရာ မဏ္ဍပ်ဆင် အငှားလိုက်သူများ အဆင်ပြေလျက်ရှိသည်။

"မဏ္ဍပ်ဆင်ခ အလှူပွဲတစ်ပွဲကို မီးလုံးဆင်တာအပါအဝင် ကျပ်ငါးသိန်းကနေ ကျပ်သိန်း ၂၀ ထိရှိတယ်။ မဏ္ဍပ်အကြီး၊ အသေး၊ ပစ္စည်းအသုံးပြုမှု၊ အကျယ်အဝန်းပေါ်မူတည်ပြီး ဈေးပေါက်တာပါ။ အခြေခံပညာကျောင်းတွေပိတ်ရင် အလှူပွဲတွေ တောက်လျှောက်ပဲ။ တပေါင်း၊ တန်ခူးလ ရက်ကောင်းတဲ့နေ့တွေမှာဆိုရင် မအားတော့ဘူး။ ကျွန်တော်က မဏ္ဍပ်ဆင် သုံးဆင်ရှိတယ်။ ဒါကို ဒီလတွေဆိုရင် မအားတော့ဘူး။

အရင်က ပွဲကြည့်စင်တွေဆောက်ပေးတာ အငှားလိုက်တာ။ ခုနောက်ပိုင်း ရပ်ကွက်ဓမ္မာရုံတွေမှာ ဇာတ်ပွဲဖြစ်တာနည်းတော့ မဏ္ဍပ်ဆင်ပြောင်းလုပ်လိုက်တာပါ။ အိမ်မှာ ဝါး၊ မိုးကပ်ဆိုင်လည်း ဖွင့်ထားတယ်။ အလှူမဏ္ဍပ်တစ်ခုကို လူငါးဦးလောက်နဲ့ တစ်ရက်မှသုံးရက်လောက် ဆောက်ရတာပါ။ မဏ္ဍပ်ဆင်ကလည်း အိမ်မှာ ကိုယ်တိုင်ပြုလုပ်ပြီး ကားအငှားလိုက်တာဆိုတော့ အဆင်ပြေပါတယ်" ဟု မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်မှ မဏ္ဍပ်ဆင် အငှားလိုက်သူ ဦးဆန်းဦးက ပြောသည်။

မြန်မာ့ရိုးရာလက်မှုပညာ ဝါးကိုအခြေခံပြီး ပန်းချီပညာဖြင့်ပေါင်းစပ်ပြုလုပ်ထားသော မဏ္ဍပ်ဆင်ကို မန္တလေးမြို့တွင် ငှားရမ်းသုံးစွဲမှုများကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

ကျန်းမာရေးဆောင်းပါး

# အမှုမဲ့ အမှတ်မဲ့နှင့်ကျန်းမာရေး

**a** ကြည်လွင်မြင့်(မုဒြာ)

စာရေးသူ၏မိတ်ဆွေ ခေတ်ပညာတတ်တစ်ဦးကမေးသည်။

"ဆရာ အရင်ကရေးခဲ့ဖူးတဲ့ ရေနွေးညသိပ် အဆိပ်ထက်ပြင်း ဆောင်းပါးထဲမှာ တချို့လူတွေက ဓာတ်ဘူးထဲမှာ လက်ဖက်ခြောက်ခတ်ထားပြီးသားရေနွေးကို ညသိပ်ထားပြီး နောက်တစ်နေ့နံနက်မှာ အမှတ်မထင်သောက်မိတတ်တာရယ်။ ရေနွေးကို ဓာတ်ဘူးနဲ့ ထည့်သောက်သူတွေအတွက် အခြားသတိထားမိတဲ့ အချက်တစ်ခုကတော့ ဓာတ်ဘူးထဲမှာ သုတ်လိမ်းထားတဲ့ ပြဒါးတွေဟာ ကြာရင်ပျက်ပြီး ကွက်မည်းလာတာတွေ့ရပါတယ်။ ကျွတ်ထွက်သွားတဲ့ ပြဒါးအမှုန်အစတွေဟာ ရေနွေးထဲမှာပါသွားပြီး သောက်သုံးသူတွေရဲ့အစာအိမ်ထဲရောက်သွားရင် ပြဒါးအဆိပ်သင့်နိုင်ပါတယ်လို့ ဆရာရေးခဲ့တယ်နော်"

"အဲဒါက ဓာတ်ဘူးထဲကရေနွေးကို ပြန်နွေးသောက်ပြီး အစာအိမ်နာ၊ အော့အန်တဲ့လူနာတစ်ဦးကလှမ်းမေးတာပါ "

"ဒါဟာ အမှုမဲ့ အမှတ်မဲ့ သတိမထားမိတဲ့ ကိစ္စပေါ့ "

## ရေနွေးဓာတ်ဘူးမှ ပြဒါးသည် တိုင်းရင်းဆေးဆရာများသုံးသည့် ပြဒါးနှင့်မတူ၊ အဆိပ်မဖြစ်နိုင်ပါဟု ဆောင်းပါးရေးသူရှိ . . . . .

"အခု နောက်ထပ် ဆရာ့ကို မေးမြန်းဆွေးနွေးချင်တဲ့ကိစ္စတစ်ခုရှိလို့ပါ။ ကျောက်ငရုတ်ဆုံနဲ့ ပတ်သက်လို့ပါ။ ငရုတ်ဆုံနဲ့ကျောက်ကျည်ပွေ့ကိုသုံးပြီး အိမ်တိုင်းလိုလိုမှာ ငရုတ်သီး၊ ကြက်သွန်ထောင်းကြပါတယ်။ ပထမဝယ်ခါစတော့ ကျောက်ငရုတ်ဆုံက တိမ်တိမ်လေးပါ။ ခွက်က သေးသေးလေးပါ။ ထောင်းတာ နှစ်ချီလာတဲ့အခါကျတော့ ခွက်က ပိုပိုကျယ်ပြီး နက်လာပါတယ်။ ဒီငရုတ်ဆုံကျယ်လာရတာက ကျောက်သားချင်းပွတ်တိုက်ရာက ကျောက်မှုန့်တွေထွက်ပြီး ကျယ်လာတာ ဖြစ်နိုင်ပါတယ်။ ဒီလိုဆိုရင် အဲဒီကျောက်မှုန့်တွေက ဘယ်ရောက်သွားလဲ။ ငရုတ်သီး၊ ကြက်သွန်တွေနဲ့အတူ ဟင်းချက်စားသောက်သူတွေရဲ့ဝမ်းထဲ ရောက်မသွား



ဘူးလား" ဟုမေးလာပါသည်။

ဤမိတ်ဆွေမေးရခြင်းမှာလည်း အကြောင်းရှိသည်။ သူသည်အောက်မြန်မာပြည် တနင်္သာရီတိုင်းဒေသကြီး၌နေထိုင်သော သူ၏မိဘများထံပြန်ပြီး တစ်နှစ်တစ်ကြိမ်ကန်တော့နေကြဖြစ်သည်။ ယခုနှစ်သူပြန်သွားသောအခါ သူ၏မိဘနှစ်ပါးလုံးမှာ ခါးနာရောဂါဖြစ်နေကြသည်ဟုဆိုသည်။

ခါးနာရောဂါ အချိန်ကြာပြီး တဖြည်းဖြည်းပိုဆိုးလာသဖြင့်ရန်ကုန်မှ သမီးဖြစ်သူကသွားခေါ်ခဲ့ပြီး အထူးကုဆေးရုံကြီးတစ်ခုတွင် သမားတော်များနှင့် ပြသစစ်ဆေးကြည့်သောအခါ နှစ်ဦးလုံးကျောက်ကပ်၌ကျောက်များ တည်နေသည်ကိုတွေ့ရသည်ဟု ဆိုသည်။ ဆရာဝန်ကြီးများက တွင်းရေကန်ရေများ မသောက်ဘဲ ရေသန့်၊ သို့မဟုတ် ရေကိုကျိုချက်ပြီးသောက်ရန် မှာကြားသည်ဟုဆိုသည်။

စာရေးသူ၏မိတ်ဆွေသည် စူးစမ်းလေ့လာသော အလေ့အကျင့်ရှိသူ တစ်ဦးဖြစ်သည်။ သူ၏ စောဒကမှာ မှန်သည် မမှန်သည် အတတ်မပြောနိုင်သော်လည်း သတိပြုစရာ၊ စဉ်းစားစရာအချက် ဖြစ်နေသည်။

ထိုမိတ်ဆွေ၏မိဘများသည် လွန်ခဲ့သော နှစ်နှစ်ခန့်က အထက်မြန်မာပြည်သို့ ဘုရားဖူးလာကြသည်။ လည်ရင်းပတ်ရင်း ဘုရားဖူးရင်း မိမိတို့နှစ်သက်ရာအသုံးအဆောင်များလည်း ဝယ်ကြသည်။ စစ်ကိုင်းမြို့သို့ရောက်သောအခါ ကောင်းမှုတော်ဘုရားကြီးဖူးရင်း အိမ်အတွက် ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံများ ဝယ်သွားကြသည်။ သူတို့အောက်အရပ်တွင် ရှားပါးသဖြင့် အလေးခံပြီး ဝယ်ယူသယ်ဆောင်သွားကြခြင်းဖြစ်သည်။

မိတ်ဆွေက သတိထားမိသည်မှာ သူကိုယ်တိုင်ဝယ်ပေးလိုက်သည့် ကျောက်ငရုတ်ဆုံသည် တိမ်တိမ်လေးဖြစ်သည်။ သူကိုယ်တိုင်က အရာရှိကြီးဖြစ်သော်လည်း မီးဖိုချောင်ဝင် ချက်ပြုတ်ရသည်ကို ဝါသနာပါသည်။ ငယ်စဉ်ကတည်းက မိဘကူရင်း မီးဖိုချောင်ဝင်ပြီးကူညီ၍ ငရုတ်သီး၊ ကြက်သွန်ထောင်းပေးခဲ့သူဖြစ်သည်။ သူ မှတ်မိသည်မှာ သူတို့ငယ်စဉ်ကထောင်းသည့် ငရုတ်ဆုံမှာ စဉ့်ငရုတ်ဆုံနှင့် သစ်သားကျည်ပွေ့ကိုသုံးပြီး ထောင်းရသည်။ ကျောက်ငရုတ်ဆုံသည် အထက်အညာမှသာ အသုံးများသည်။



သူ လွန်ခဲ့သောနှစ်နှစ်က ဝယ်ပေးလိုက်သော ကျောက်ငရုတ်ဆုံမှာ ယခုအခါ အတော်ပင် ခွက်ဝင်နေသည်ကို တွေ့ရသည်။ ငရုတ်ကျည်ပွေ့ထောင်းလိုက်လျှင် ဆုံအတွင်းသို့ နက်ရှိုင်းစွာဝင်နေပြီ ဖြစ်သည်။ နှစ်နှစ်အတွင်း ဤမျှနက်သွားရခြင်းမှာ ကျောက်သားပွ၍လော၊ ရှေးကငရုတ်ဆုံများ၏ ကျောက်သားကို မမီ၍လော သူမသိပါဟုဆိုသည်။

ရှေးက ကျောက်သားနှင့် ယနေ့ခေတ်ကျောက်သား မတူ၍ဖြစ်စေ၊ ထောင်းသည့်အကြိမ်များ၍ဖြစ်စေ ကျောက်မှုန့်များ တဖြည်းဖြည်းချင်းပဲ့ထွက်သွား၊ ပွတ်တိုက်သွားသဖြင့် ငရုတ်ဆုံသည် ခွက်ဝင်သွားရခြင်းဖြစ်ရမည်ဟု သူက အတွေးဝင်လာသည်ဟုဆိုသည်။

စာရေးသူအနေဖြင့် ကောက်ချက်မချလိုပါ။ သူ၏အတွေးအတိုင်းသာ လိုက်၍တွေးသည်။ သူ့မိဘများ၏ ကျောက်ကပ်တွင်တွေ့ရသောကျောက်များသည် ကျောက်ငရုတ်ဆုံမှထွက်သော ကျောက်မှုန့်များ ဟုတ်သည်၊ မဟုတ်သည်ကို သုတေသနပညာရှင်များက သုတေသနဖြင့်သာ သိနိုင်မည့်အရာဖြစ်သည်။

စာရေးသူ၏ ရေနွေးညသိပ် အဆိပ်ထက်ပြင်းဆောင်းပါးက ဓာတ်ဘူးမှပြဒါး တဖြည်းဖြည်းထွက်ပြီး ကျွတ်ထွက်သွားသော အမှုန်အစများ သောက်သုံးသူတို့၏ ဝမ်းထဲရောက်ပြီး ပြဒါးဆိပ်သင့်၊ မသင့် မည်သူမျှ သုတေသနမပြုဘူးပါ။

မကြာသေးမီက ရေနွေးဓာတ်ဘူးမှပြဒါးသည် တိုင်းရင်းဆေးဆရာများသုံးသည့် ပြဒါးနှင့်မတူ၊ အဆိပ်မဖြစ်နိုင်ပါဟု ဆောင်းပါးရေးသူရှိသည်။ ထိုပြဒါးအဆိပ်သင့်သည်ဟုစာရေးသူကသုတေသန မရှိဟုဆိုသည်။ ပြန်လည်ချေပသူကိုယ်တိုင်ကလည်း သုတေသနပညာရှင်အဆင့်မရှိဘဲ ထင်ကြေးဖြင့် ရေးသားခြင်းသာဖြစ်သည်။ သုတေသနသည်အနောက်တိုင်းပညာရှင်များပင် ဓာတ်ခွဲခန်း၌ ငွေကြေးအမြောက်အမြား အကုန်ခံ၍စမ်းသပ်ရုံဖြင့်မလုံလောက် အစမ်းသပ်ခံမည့် ကြွက်များ၊ ပူးများလိုအပ်လျှင် ထို့ထက်ပို၍ စမ်းသပ်ခံမည့် လူများလိုသည်။ နှစ်ချီ ကြာပြီးမှ အဖြေထွက် သည့် ကိစ္စမျိုး ဖြစ်သည်။

ဓာတ်ဘူးထဲက ရေနွေးအပူထိန်းရန် သုတ်ထားသည့် ပြဒါးသည် Silver Mercury ဖြစ်သည်။ တိုင်းရင်းဆေးပညာရပ် ဝိဇ္ဇာဓရဆေးပညာသုံးပြဒါးသည် Mercury (Hg) ဖြစ်သည်။

ထိုပြဒါးသည် မသုံးတတ်လျှင် အန္တရာယ်ရှိသည်။ အဆိပ်လည်း ဖြစ်နိုင်ပါသည်ဟု (ဓာတ်ဘူးထဲကရေနွေး) ဆောင်းပါးရှင်က ရေးထားသည်။ အမှန်မှာ သေချာမစဉ်းစားဘဲ ရေးသားခြင်းဖြစ်သည်။ ဓာတ်ဘူးတွင် မြှုပ်ကွက် တစ်ခုရှိသည်။ ဓာတ်ဘူးတွင် သုတ်ထားသောပြဒါးသည် ဓာတ်ဘူးအတွင်းဖန်သားတွင်မဟုတ်ပါ။ အပြင်ဘက်မှသုတ်ထားခြင်းဖြစ်သည်။ မှန်တွင် ပြဒါးသုတ်သကဲ့သို့ ကျောဘက်တွင်သာရှိသည်။ ရေနွေးနှင့်ထိတွေ့သောဖန်သားပြင်တွင် အလင်းပြန်ပြီး အပူထိန်းစေရန် တီထွင်ထားခြင်းဖြစ်သည်။

အရေးကြီးသည်မှာ ပြဒါးကြောင့်မဟုတ်။ ညသိပ်ထားသောရေနွေးကို နံနက်တွင်သောက်ခြင်းကြောင့်သာ။ (ယောအတွင်းဝန်မင်းကြီး ဦးဖိုးလှိုင်အတွေးအခေါ်ဖြစ်သည်။)

ရှေးက တိုင်းရင်းဆေးသမားတော်ကြီးများသည် မည်သည့် ဓာတ်ခွဲခန်းမှမရှိသော်လည်း 'ပဘာဝ' ခေါ် တန်ခိုးထူးများကို ဉာဏ်အစွမ်းဖြင့်သိခဲ့ကြသည်။ အာရုံနေရာ၊ ဆေးအစာကိုကြံဆပြီး အဆိပ်ကိုပင် အခိုးသတ်ပြီး ဆေးဖြစ်အောင်လုပ်နိုင်ခဲ့ကြသည်။ နန်းတွင်းလျှာပွတ်ဆေးသည် အထင်ရှားဆုံး ဥပမာဖြစ်သည်။

နန်းတွင်းလျှာပွတ်ဆေးကြီးသည် အင်္ဂလိပ်လက်အောက်မကျမီက နန်းတွင်းတွင်သုံးစွဲခဲ့သော ဆေးကြီးဖြစ်သည်။ သတိမေ့မျောနေသူကိုပင် ဆေးကိုလျှာတွင် ပွတ်ပေးရုံဖြင့် သတိပြန်လည်သည့် လက်တွေ့မှတ်တမ်းများရှိသည်။

ထို ဆေးတွင်ပါဝင်သောဆေးများမှာ တစ်မယ်ချင်းသုံးလျှင် လူကို သေစေနိုင်သည့် အဆိပ်ဆေးပင်များဖြစ်သည်။ သို့သော် အဆိပ်အတော်များများ ပေါင်းစပ်ပြီးသောအခါ အစွမ်းထက်သည့် အဆိပ်ဖြေဆေးဖြစ်လာသည်။ တိုင်းရင်းဆေးဆရာကြီးများတွင် ဓာတ်ခွဲခန်းမရှိခဲ့ပါ။

ယခုတင်ပြသည့် ငရုတ်ဆုံမှထွက်သည့် ကျောက်မှုန့်များကိစ္စသည် စာရေးသူတို့ မိတ်ဆွေဖြစ်သူက အတွေးတစ်စပေးခဲ့သည်။ စာရေးသူက စာဖတ်သူများကို ထပ်ဆင့်တင်ပြပြီး အတွေးအမြင်သံသယပွား စေခဲ့သည်ဆိုငြားအံ့။

စာရေးသူ၏အပြစ်ဟုပင်ခံယူသည်။ သို့သော် အယူအဆ အမှန်တရားမှန်သမျှသည် အမှတ်မထင်အတွေးကလေးမှ စတတ်သည်ဟု ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အာခီးမီးဒီးကဆိုဖူးသည်။ အမှန်ပင်ဖြစ်သည်။

အတွေးခေါ်ရင့်ကျက်ခြင်း မှန်သမျှသည် အခြေခံမှစသည်။ လူသားတို့ အသက်ရှည်ကျန်းမာရေး အတွက် စေတနာပါသောအတွေးတစ်စကို တင်ပြခြင်းသည် မဖြစ်သင့်သောအရာကို ကြိုတင်ရှောင်ရှားနိုင်ရန်ဖြစ်သည်။ ရောဂါဝေဒနာအတော်များများ၏အခြေခံမှာ နေ့စဉ်စားသောက်သော အစားအသောက်များမှဖြစ်သဖြင့် သတိပြုဆင်ခြင်နိုင်ကြစေရန် စေတနာဖြင့်တင်ပြရခြင်းဖြစ်ပါသည်။

## မိုးညိုမြို့တွင်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီး၍ ဓာတ်အားပြည့်ဝစွာဖြန့်ဖြူးပေး

**မိုးညို မတ် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လျှပ်စစ်မှုးရုံးဝင်းအတွင်း ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မိုးညိုဓာတ်အားပေးခွဲရုံအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မတ် ၅ရက် ည ၇နာရီတွင် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ရဲမြင့်နှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဘုန်းကျော်ဦးတို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၃၀ ကေဗွီ မင်းလှပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီလိုင်း မိုင် ၂၀ ဖြင့် ပို့လွှတ်သည့် ဓာတ်အားကို မိုးညို ၃၃ ကေဗွီဓာတ်အားခွဲရုံမှ စတင်လက်ခံခဲ့သည်။

အဆိုပါ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မိုးညိုဓာတ်အားခွဲရုံမှ မိုးညိုမြို့နယ်အတွင်းရှိ ကျေးရွာ ၈၅ ရွာသို့ ဓာတ်အားဖြန့်ဖြူးဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ဗို့အားမြင့်တက်လာကာ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်းနှင့် တစ်နှစ်အတွင်း သာယာဝတီခရိုင်၌ ၃၃/၁၁ ခွဲရုံအင်အားတိုးချဲ့ခြင်းအပါအဝင် ခုနစ်ရုံမြောက်ခွဲရုံဖြစ်ကြောင်း သိရသည်။ **ဝ၇၁**

## အယ်နီညိုအကျိုးသက်ရောက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ်ဆွေးနွေး

**နောင်တရား မတ် ၈**

၂၀၁၆ ခုနှစ်တွင် အယ်နီညို အကျိုးသက်ရောက်မှုကြောင့် အပူဒဏ်ခံစားရနိုင်မှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရှားပါးနိုင်မှု၊ မီးလောင်မှု အန္တရာယ်များ၊ လူနှင့်တိရစ္ဆာန်များအတွက် အစားအစာရှားပါးနိုင်မှုအပါအဝင် ဆက်စပ်ပြဿနာများ ဖြစ်ပေါ်လာနိုင်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် အယ်နီညို အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်မှု အခြေအနေများအပေါ် အသိပညာပေးဆွေးနွေးပွဲကို မတ် ၆ ရက် နံနက် ၉ နာရီခွဲတွင် နောင်တရားမြို့ ရတနာရန်နိုင်စေတီတွင် ကျင်းပခဲ့သည်။

ယင်းအသိပညာပေး ဆွေးနွေးပွဲတွင် နောင်တရားမြို့အုပ်ချုပ်ရေးမှူး၊ နောင်တရား အ-ထ-က မှ ကျောင်းအုပ်ဆရာမကြီး၊ နောင်တရားတိုက်နယ်ဆရာဝန်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ဟောပြောဆွေးနွေးခဲ့သည်။

အပူဒဏ်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ မီးလောင်ခြင်းကို အယ်နီညိုသည် ဆက်စပ်မှု ရှိနိုင်သောကြောင့် တောရောမြို့ပါ မီးဘေးအန္တရာယ်ကိုအထူးဂရုစိုက်သွားရန်၊ ရေကိုဖြုန်းတီးသူမဖြစ်အောင် စောင့်ရှောက်ရန်နှင့် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် စသည့်အချက်များအပေါ်ကို ဆက်လက် ဆွေးနွေးဟောပြောခဲ့ သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မှ ပြည်သူ့ဝန်ဆောင်မှု အသိပညာပေး (PDLS) Public Digital Library Service စက်အား ပြည်သူများသို့ အသိပေးမိတ်ဆက်ပေးခဲ့ရာ နောင်တရားမြို့ပေါ် ရပ်ကွက်(၁)(၂)၊ (၃)မှ ပြည်သူလူထုများက စိတ်ပါဝင်စားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်း၌ အပူဒဏ်နှင့် ဆက်စပ်ရောဂါများ ထိရောက်စွာကုသရန် စီစဉ်

**မုံရွာ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်များရှိ ဆေးရုံများ၊ ဆေးပေးခန်းများ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် အပူဒဏ်နှင့် ဆက်စပ်ရောဂါများဖြစ်ပွားမှုရှိပါက ထိရောက်စွာကုသနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးငြိမ်းက ပြောကြားခဲ့သည်။

"အပူဒဏ်ကြောင့်အသက်သေဆုံးမှု မဖြစ်ပွားစေဖို့နဲ့ တခြားကျန်းမာရေးပြဿနာတွေ လျော့နည်းစေဖို့ အပူဒဏ် ကာကွယ်ရေးနှိုးဆော်ချက်တွေ၊ လက်ကမ်းစာစောင်တွေကို လူစည်ကားရာနေရာတွေ မြစ်ဆိပ်၊ ရေဆိပ်တွေမှာ ချိတ်ဆွဲဖြန့်ဝေတာတွေ ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့လည်း အများပြည်သူကြား ကွင်းဆင်းသွားရောက်ပြီး အပူဒဏ်နဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောပွဲတွေပြုလုပ်ဖို့ရှိပါတယ်"ဟု ဒေါက်တာအေးငြိမ်းက ဆက်လက် ပြောပြသည်။

ရေမသန့်ရှင်းမှုနှင့်ရေရှားပါးမှုတို့မှ တစ်ဆင့် ကူးစက်ရောဂါများဖြစ်ပွားမှု မရှိစေရန် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကိုပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အပူဒဏ်ကြောင့် ဆက်စပ်ရောဂါဝေဒနာများ ဖြစ်ပွားလာပါက ထိရောက်စွာကုသနိုင်ရန်အတွက် လိုအပ်သောဆေးဝါးများနှင့် ဓာတ်ဆားထုပ်များကို မြို့နယ်ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ အလုံအလောက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ပြောသည်။

အယ်နီညိုဖြစ်စဉ်၏ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ထိခိုက်ပျက်စီးမှု လျော့နည်းစေရန်အတွက် သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသလို ရေရှားပါးသောဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရေး သောက်သုံးနိုင်ရေးအတွက် နီးနွယ် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်

**ဆိပ်ဖြူ မတ် ၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အယ်နီညို ရာသီဥတုကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းကို မတ် ၆ ရက်က အနောက်ပိုင်းရပ်ကွက် အ-မ-က (၇၀) တွင် ရပ်ကွက်နေပြည်သူများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဉာဏ်မျိုးက အယ်နီညိုရာသီဥတု အကြောင်းသိကောင်းစရာများနှင့် ဒေသခံပြည်သူတို့၏ ကြုံတွေ့ရနိုင်သည့် ကျန်းမာရေးဆိုင်ရာများနှင့် သဘာဝဘေးအန္တရာယ် အချက်လက်များ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်ဇံက မြို့ရေပေးဝေရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာရေးပူးပေါင်းဆောင်ရွက်ရေး၊ရေကို အလေအလွင့်မရှိသုံးစွဲစေရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ဌေးဌေးအေးက အယ်နီညိုရာသီဥတုတွင် စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်နှင့်သက်လျင်မျိုးများ စိုက်ပျိုးရေးကိုလည်းကောင်း၊ တောင်သူတို့ သီးနှံ စိုက်ပျိုးရိတ်သိမ်းချိန်ဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများနှင့် မျိုးသီးနှံများ စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်တတ်စေရေးတို့လည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ဖော်လင်းက အပူချိန်မြင့်မားလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ အနောက်ပိုင်းရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်တို့မှ ဒေသခံပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင် (ပြန်/ဆက်)**

## ချောက်မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် ထရန်စဖော်မာများ တပ်ဆင်ပြီးစီး

**ချောက် မတ် ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်၊ လမ်းရွာ ရေနံမြေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်ယူမှု (CSR)အစီအစဉ်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျေးရွာခြောက်ရွာ ထရန်စမော်မာတပ်ဆင်ပြီး၍ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မကျီးစောက်ကျေးရွာမှ စတင်ကာ မတ် ၆ ရက် နံနက် ၈နာရီခွဲမှ စတင်ဖွင့်လှစ်ပေးခဲ့သည်။

ချောက်မြို့နယ်တွင် ထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခဲ့သော ကျေးရွာခြောက်ရွာဖြစ်သည့် မကျီးစောက်၊ လွင်ကျယ် ထိန်ကန်၊ ကြပ်ကန်၊ လင်းကတော၊ စမ်းစု၊ ဝန်လိုကျေးရွာတို့၏ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများ၌ ချောက်လမ်းရွာရေနံမြေအထွေထွေမန်နေဂျာ ဦးကရင်နော်အောင်၊ ချောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က ကျေးရွာများ၌လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ထရန်စဖော်မာတပ်ဆင်ပေးပြီး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ပြုလုပ်သောကျေးရွာခြောက်ရွာတွင် ချောက်၊လမ်းရွာရေနံမြေအထွေထွေမန်နေဂျာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ထရန်စဖော်မာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်၊ လမ်းရွာရေနံမြေ၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်ယူမှု (CSR) အစီအစဉ်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး ပူးပေါင်းမှုဖြင့် ထရန်စဖော်မာတပ်ဆင်ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးမှုအပေါ် ဖွင့်လှစ်ခဲ့သော ကျေးရွာခြောက်ရွာရှိ လူဦးရေ ၄၂၈၉ ဦး၏ လူမှုဘဝတွေ တိုးတက်လာမှာဖြစ်ကြောင်းသိရသည်။ **ဝင်းအိမွန်**



## မြေအောက်ရေဖြင့် စိုက်ပျိုးထားသော နွေစပါးများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ရေစကြို မတ် ၈**

ရေစကြိုမြို့နယ် ထန်းဆယ်ပင်ကျေးရွာတွင် ယခုနှစ်၌ အယ်နီညိုရာသီဥတုဖြစ်ပေါ်ပြီး ရေရှားပါးမှု အခက်အခဲရှိနိုင်ခြင်းကြောင့် သက်တမ်းတို စပါးမျိုးကိုစိုက်ပျိုးကြရန် လည်/ဆည်ဝန်ကြီးဌာနကလည်း ကြော်ငြာထား၍ လက်ရှိတွင် မြေအောက်ရေဖြင့် စိုက်ပျိုးထားသော နွေစပါးများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်တော့စပါးခင်းက မြေအောက်ရေနဲ့ စိုက်ပျိုးထားတာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့စပါးမျိုးကတော့ သက်တမ်းတိုပြီး အထွက်နှုန်းကောင်းတဲ့ ပခန်းရွှေဝါစပါးမျိုးဖြစ်ပါတယ်။ ပခန်းကြီး OISCA သင်တန်းကျောင်းက ဝယ်ယူစိုက်ပျိုးတာဖြစ်ပါတယ်။ စိုက်တဲ့စနစ်ကတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးတဲ့ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးစိုက်ပျိုးထားတာဖြစ်ပါတယ်။

ပခန်းရွှေဝါစပါးမျိုးက မိုးမှာဆိုရင် တစ်ဧက တင်း ၉၀-၁၀၀၊ နွေမှာဆိုရင် တင်း ၁၀၀-၁၂၀ ထွက်တယ်လို့သိရပါတယ်။ ဒီနှစ်မှ စိုက်ဖူးတာပါ။ အရင်ကတော့ မနောသုခစပါးကို စိုက်ပါတယ်။ ဘာကြောင့်စပါးမျိုးပြောင်း စိုက်လည်းဆိုတော့ ဒီနှစ်က အယ်နီညိုရာသီဥတုဖြစ်ပေါ်ပြီး ရေရှားပါးမှုအခက်အခဲရှိနိုင်တယ်။ ဒါကြောင့် သက်တမ်းတို စပါးမျိုးကိုစိုက်ပျိုးကြဖို့ လည်/ဆည်ဝန်ကြီးဌာနကလည်း ကြော်ငြာထားတယ်။ ပြီးတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း ကျွန်တော်တို့ တောင်သူတွေနဲ့ တွေ့ဆုံပွဲမှာ ပြောထားတယ်။ ဒါကြောင့် သက်တမ်းတိုစပါးကို ရွေးချယ်စိုက်ပျိုးထားတာဖြစ်ပါတယ်"ဟု တောင်သူ ဦးတင်ညွန့်က ပြောပြသည်။

ရေစကြိုမြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် ရေရရှိရေးနည်းလမ်းငါးသွယ်ဖြင့် နွေစပါး ၃၅၂၉ ဧကကို လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# ကျောက်ပန်းတောင်းမြို့နယ် တွင် သွားနှင့်ခံတွင်းရောဂါဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်



**ကျောက်ပန်းတောင်း မတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာအုပ်စုတွင် တောင်ပုလု ပြည့်ဝရှင်ကျောင်း ဆရာတော် အရှင်ပညာသီရိ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သွားဖက်ဆိုင်ရာ ဆရာဝန်များပူးပေါင်းပါဝင်သောအဖွဲ့သည်၊ ဒေသအတွင်းရှိကျေးလက်နေပြည်သူတို့၏ သွားနှင့်ခံတွင်းရောဂါများဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို မတ် ၅ ရက်မှ မတ် ၆ ရက်အထိ အဆိုပါ မကျီးတိုင်းကျေးရွာအုပ်စု တောင်ပုလု ပြည့်ဝရှင်ကျောင်းတွင် အခမဲ့ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများ ကုသရေးအဖွဲ့တွင် အမေရိကန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများဖြစ်ကြသော Dr. Maureen Valley, Dr.Richard Schmotter, DrAlex Schmotter နှင့် Dr.Bliss Zin တို့ပါဝင်ပြီး၊မြန်မာနိုင်ငံကျန်း မာရေးဝန်ကြီးဌာန (နေပြည်တော်)မှ ဒေါက်တာခင်မောင် ဦးဆောင်သည့် သွားဖက်ဆိုင်ရာ ဆရာဝန် ၂၈ ဦးနှင့် အထောက်အကူပြု ဝန်ထမ်းများ ပါဝင်ကြောင်းသိရသည်။

"ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော်အပါအဝင် ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၅၁ ဦးပါတယ်။ ဆရာတော်ဘုရားရဲ့မေတ္တာရပ်ခံချက်အရ ကျွန်တော်တို့လည်း ကုသိုလ်ဖြစ် ပါဝင်ကူညီဆောင်ရွက်ပေးကြတာပါ။

"ကျွန်တော်တို့အဖွဲ့ရဲ့ သွားရေးလာရေးကိစ္စအဝဝကိုတော့ ထူးဖောင်ဒေးရှင်းနဲ့ Air Bagan တို့က ပူးပေါင်းတာဝန်ယူတာပါ" ဟု ကျန်းမာရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က ပြောသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် သွားနှင့် ခံတွင်းဆိုင်ရာ ကုသမှုများဖြစ်သည့် သွားနုတ်ခြင်း၊ သွားစိုက်ခြင်း၊ သွားဖာခြင်း၊ ဂျိုးခြစ်ခြင်းနှင့် အံကပ်တပ်ခြင်းများကို အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ကျောက်ပန်းတောင်း မြို့နယ်အတွင်းမှ မကျီးတိုင်း၊ အင်တောကျယ်၊ အင်တော၊ ပြည့်ဝ၊ မြိုင်သာယာ၊ ကိုင်း၊ ဇီးဖြူကုန်း အစရှိသည့် ကျေးရွာများနှင့် ကျောက်ပန်းတောင်းမြို့ပေါ်မှ ပြည်သူများ၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် အနီးဝန်းကျင်းမြို့နယ်များဖြစ်သော ရေနံချောင်း၊ ချောက်၊ ပွင့်ဖြူ တောင်သာစသည့် မြို့နယ်များရှိ ကျေးရွာများမှ ကျေးလက်ပြည်သူများလာရောက်၍ ကုသမှုခံယူလျက်ရှိကြသည်။

အဆိုပါ ကုသမှုကို မတ် ၅ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိလူနာ ၄၈၅ ဦးကို ကုသမှုပေးခဲ့ပြီး မတ် ၆ ရက် နံနက် ၇ နာရီမှ စတင်လက်ခံကုသပေးလျက်ရှိရာ မွန်းလွဲ ၁ နာရီတွင်လူနာ ၁၂၄ ဦး စာရင်းလက်ခံထားရှိပြီးညနေ ၆ နာရီအထိ ကုသပေးခဲ့ကာ နှစ်ရက်အတွင်း ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် စုစုပေါင်းလူနာ ၆၀၉ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

"အဘက လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်ကထဲက သွားတွေအကုန်ကျိုးကုန်တာ။ တစ်ချောင်းမှကိုမကျန်ဘူး။ အစာစားရင် သိပ်စိတ်ဆင်းရဲရတာပေါ့။ ဝါးမှမဝါးနိုင်တော့တာ လိုမ့်လိုမ့်ပြီးမြိုချရတယ်။ အံကပ်ကလေးတပ်ချင်နေတာလေ။ ငွေကလည်း မတတ်နိုင်ဘူး။ အံကပ်တစ်ခုကို တစ်သိန်းကျော်လောက်ရှိတယ်ကြားတော့ ကိုယ့်ဟာကိုယ်အသာပဲလိုမ့်ဝါးနေရတာပေါ့ကွယ်။

"အခုတော့ ဟန်ကျသွားပါပြီ။ ဝမ်းသာလိုက်တာတော့ မပြောပါနဲ့ငါ့လူရယ်။ အစားလည်းကောင်းကောင်း ဝါးစားနိုင်ပြီဆိုတော့ အသက်တောင် ပိုပြီးရှည်ရှည်နေရအုံးမယ်ထင်ပါတယ်။ ဆရာတော်ဘုရားနဲ့ ဆရာဝန်ကြီးတွေရဲ့ကျေးဇူးကို အစာစားတိုင်း သတိရကျေးဇူးတင်နေမှာပါ"ဟု အသက် ၇၂ နှစ်အရွယ်ရှိ ဇီးဖြူကုန်းကျေးရွာမှ ဦးညီမောင်က ယင်း၏ဖြစ်စဉ်များကို ပြောပြသည်။

အဆိုပါ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာသို့ မတ် ၅ ရက် နံနက် ၁၁ နာရီက ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ညိမ်း မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမျိုးသန့်ခိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ် ဆရာဝန်ကြီး ဒေါက်တာချန်ထွန်းအောင်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ကုသမှု ဆောင်ရွက်ရာတွင် ဆရာတော်အရှင်ပညာသီရိက အနီးကပ်ကြီးကြပ်၍ မန်ကျီးတိုင်း ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ကျေးရွာရပ်မိရပ်ဖများက လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

Nurturing Future Leaders
Since 1998

ဒေါက်တာစောလှဖြူ ဦးစီးတည်ထောင်သည်

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

## EC အစ်ကိုအစ်မများ၏ ဂုဏ်ယူဝမ်းမြောက်ခြင်း

## ၂၀၁၄၊ ၂၀၁၅ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ



**မောင်ခွန်ထူးရဲအောင်**
(ဆဗဟ-၇၀၀)
တောင်ကြီးမြို့



**မယွန်းရတုနွယ်**
(ဆဗဟ-၆၅၂)
တောင်ကြီးမြို့



**မမေထက်သာ**
(ဆဗဟ-၆၇၈)
ရန်ကုန်မြို့



**မောင်ရဲရင့်ပိုင်ဦး**
(ဆဗဟ-၇၀၃)
ရန်ကုန်မြို့



**မဟန်နီချို**
(ဆဗဟ-၆၁၃)
ရန်ကုန်မြို့



**မယဉ်ယဉ်မိုးဦး**
(ဆဗဟ-၇၀၄)
ပဲခူးယ်ကုန်းမြို့



**မမြင့်မြတ်ဇော်**
(ဆဗဟ-၆၂၂)
ရန်ကုန်မြို့



**မောင်နိုင်ဝေအောင်**
(ဆတမ-၆၇၄)
ရေနံချောင်းမြို့

**Top-Ten နှင့်ဘာသာစုံဂုဏ်ထူး နှစ်စဉ်ဆွတ်ခူးခဲ့ကြသော EC အစ်ကိုအစ်မများ၏**
**အစဉ်အလာအတိုင်း EC ညီငယ်ညီမငယ်များသည်**
**၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်မှုအသီးအပွင့်များ**
**ဆွတ်ယူနေကြပြီဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်လျှက်**

၆ (က) ကန်တော်ကြီးကန်ပတ်လမ်း၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈၊ ၀၉ ၂၆၄ ၂၀၀၀၅၉ www.facebook.com/ecprivatehighschool

Hot Line No-0930500100

# ဘဝအောင်မြင်မှုပန်းတိုင် တက်လှမ်းနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတော့မည်

**နေပြည်တော် မတ် ၈**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးအား မတ် ၉ ရက်တွင် စတင်ဖြေဆိုကြတော့မည်ဖြစ်ရာ ဖြေဆိုခွင့်တင်ထားကြသည့် ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများက ထုတ်ပေးထားပြီး ဖြစ်သည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခု၊ ပြည်တွင်းစာစစ်ဌာန ၁၄၅၁ ခု စုစုပေါင်း စာစစ်ဌာန ၁၄၆၇ ဌာနတွင် ဖြေဆိုရန်စာရင်းပေးသွင်းထားကြသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းမှာ ၆၇၁၆၇၀ ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူရွေးချယ်ပြီးလေ့ကျင့်

**ရန်ကုန် မတ် ၈**

ယခုလအတွင်း ယှဉ်ပြိုင်ရမည့် စင်ကာပူအသင်းနှင့်ခြေစမ်းပွဲ၊ လက်ဘနွန်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတို့အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၅ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်လူရွေးချယ်ပြီး မတ် ၈ ရက်က လေ့ကျင့်မှု ပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကစားသမား ၁၇ ဦး လာရောက်လေ့ကျင့်ခဲ့သည်။ AFC Cup ပြိုင်ပွဲအုပ်စုပွဲစဉ် ယှဉ်ပြိုင်ရမည့် ရန်ကုန်အသင်းနှင့် ရွှေ ရာဝတီအသင်းတို့မှ ကစားသမားများမှ လွဲ၍ ကျန်ကစားသမားများ လာရောက်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်မှာ ကစားသမားများလေ့ကျင့်မှု ပိုမိုပြည့်ဝစေရန်အတွက် စခန်းဝင်လေ့ကျင့်မှုမပြုလုပ်မီ ရက်ပိုင်းအလိုတွင် လေ့ကျင့်မှု ပြုလုပ်စေခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ AFC Cup ပြိုင်ပွဲအုပ်စု တတိယပွဲစဉ်ပြီးဆုံးမှသာ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၄ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံတွင် ခြေစမ်းမည်ဖြစ်ပြီး မတ် ၂၉ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် လက်ဘနွန်အသင်းနှင့် အဝေးကွင်းပွဲစဉ်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းတွင် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင်(Southern)၊ နောက်တန်း ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဖြိုးကိုကိုသိန်း(ရွှေ ရာဝတီ)၊ ဟိန်းသီဟဇော်(ရှမ်းယူနိုက်တက်)၊

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**

## ယနေ့ ၀ မာတိကာ

**ဆလုံလူမျိုးတို့၏ ဓလေ့သဘာဝများကိုလေ့လာနိုင်ရန် ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပမည်**

စာမျက်နှာ - ၁၁

# ကနီမြို့နယ် ရေဝါချောင်းကူးတံတား မကြာမီ ဖွင့်လှစ်တော့မည်



မကြာမီ ဖွင့်လှစ်တော့မည့် ကနီမြို့နယ်ရှိ ရေဝါချောင်းကူးတံတားအား တွေ့ရစဉ်။

**ကနီ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချောင်းမ- ကနီ လမ်းပေါ်(မိုင်တိုင် ၂၈/၀ - ၂၈/၂)ရှိ ရေဝါချောင်းကူးတံတားအား မကြာမီ အချိန်ကာလတွင် ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၂)မှ သိရသည်။

တံတားဖွင့်လှစ်မည့် အခြေအနေနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၂)(မုံရွာ)မှ တာဝန်ရှိသူတစ်ဦးက "ဒီရေဝါချောင်းက ကနီမြို့ အဝင်မှာရှိပြီး ယခင်ကဆိုရင် မိုးရွာလို့ ချောင်းရေတွေလာရင် လူတွေ၊ မော်တော်ယာဉ်တွေ ဘာမှဖြတ်သန်းလို့မရဘူး။ ချောင်းရေတွေကျအောင် စောင့်ဆိုင်းပြီးမှ တစ်ဖက်ကမ်းကို ကူးရတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အရေးပေါ် အခြေအနေတွေမှာလည်း ခဲရာခဲဆစ် ရေအကျစောင့်ကာ ဖြတ်ကူးရတယ်။ ဒါကြောင့် ဒီကဒေသခံတွေ ရာသီမရွေး အခက်အခဲမရှိ ဖြတ်သန်းသွားလာနိုင်အောင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

SSB စွမ်းရည်
သဘာဝတီကျစ်ရွက်ဖျန်းအားဆေးရည်နှင့် တီစွန့်ပစ်မြေသြဇာ
မြေဆီတို့ရဲ့သဘာဝနဲ့ထာဝရအကောင်းဆုံးမိတ်ဆွေ
သဘာဝတီကျစ်ရွက်ဖျန်းအားဆေးရည်နှင့် တီကျစ်မြေသြဇာသုံးစွဲခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများ
* သဘာဝတီကျစ်ရွက်ဖျန်းအားဆေးရည်နှင့် တီကျစ်မြေသြဇာများသည် သဘာဝမှ ထုတ်ယူသည့်အတွက်ကြောင့် အောက်ပါကောင်းကျိုးများ ရရှိစေနိုင်ပါသည်။
* ကုန်ကျစရိတ်(၃)ပုံ၊(၁)ပုံခန့်သက်သာခြင်း၊
* အထွက်နှုန်းသိသာစွာတိုးခြင်း၊
* သဘာဝတီကျစ်ရွက်ဖျန်းအားဆေးရည်နှင့် တီစွန့်ပစ်မြေသြဇာတို့၏ အနံ့ကြောင့်ပိုးမွှားများမလာရောက်နိုင်၍ ပိုးမွှားများရန်မှ ကာကွယ်ပေးခြင်း၊
* ဓာတုမြေသြဇာများ အသုံးပြုမှုကြောင့် ပျက်စီးသွားသော မြေဆီလွှာများအား ပြန်လည်ထိန်းသိမ်းကောင်းမွန်စေခြင်း စသည်တို့အပြင်
* ဘေးထွက်ဆိုးကျိုးများ မရှိသည့်အတွက် စိုက်ပျိုးသူနှင့် စားသုံးသူတို့၏ ကျန်းမာရေးအတွက် ညီညွတ်ကောင်းမွန်စေပါသည်။
ဓါတုဗေဒလုံးဝကင်းစင်သောမြေပေါ်တွင်ထုတ်လုပ်သည်





Swanyee Group - Integrated Swanyee Social Business Co.,Ltd.
အမှတ်(၁၃၈/B-1)၊ အခန်း(A-10)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ သရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ရုံးခွဲ - တောင်သာယာ သစ်မာစိုက်ခင်း၊ ဖုးကြီးကန်အနီး၊ တိုက်ကြီးမြို့နယ်။
: 09 43182217, 09 73099020 www.swanyeegroup.org

themirror.npt@gmail.com
www.facebook.com/themirrordaily